# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (18-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်အပန်းဖြေကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိ

မန္တလေး ဒီဇင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်(Floral Fantasia 2024)သို့ တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ၁၉၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်သန္ဓေတည်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းနှစ် ၁၀၀ တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှုစီးပွားရေးကို

စာမျက်နှာ ၂၀ ကော်လံ ၁



**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများ ဆက်လက်ကျင်းပ** စာမျက်နှာ- ၁၆

**၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် ကျင်းပပြုလုပ်** စာမျက်နှာ- ၂၁

**ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၅၁၃၂ ကေထီ ရိတ်သိမ်းပြီးစီးပြီဖြစ်** စာမျက်နှာ- ၂၅




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး သမဝါယမက ဆောင်ရွက်ပေး

လူသားတို့အနေဖြင့် မွေးဖွားလာကတည်းက တစ်သီးပုဂ္ဂလ ရပ်တည်၍မရဘဲ ပတ်ဝန်းကျင်အပေါ် မှီခိုအားထားနေထိုင်ကြရသည်မှာ ကမ္ဘာဦးအစမှ ယနေ့တိုင်ပင်ဖြစ်ပေသည်။ ထိုသို့ပင် သမဝါယမဆိုသည်မှာ စုပေါင်းနေထိုင်လုပ်ကိုင် ဆောင်ရွက်သည့်သဘောရှိပေသည်။ သမဝါယမစကားရပ်ကို မြန်မာအဘိဓာန်တွင် အများစုပေါင်း၍ ကုန်ထုတ်၊ ကုန်ရောင်းစသဖြင့် လုပ်ကိုင်ကာ တရားသဖြင့်ရသည့် အကျိုးအမြတ်ကို မျှတစွာခံစားသည့်လုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သမဝါယမအသင်းများသည် ၎င်းအသင်းတွင်ပါဝင်ကြသည့် အသင်းဝင်၊ အသင်းသားတို့၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံရှိ သမဝါယမလုပ်ငန်းများကိုလည်း ၁၉၀၄ ခုနှစ်နှောင်းပိုင်းနှင့် ၁၉၀၅ ခုနှစ် နှစ်ဆန်းပိုင်းကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယနေ့ဆိုလျှင် သမဝါယမကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်း (၁၂၀) ပြည့်ခဲ့ပြီဖြစ်သည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာန၊ ဝန်ကြီးဌာနဖွဲ့စည်းထူထောင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၂၁ခုနှစ် ဇွန် ၁၇ ရက်နေ့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ပန်းတိုင်ဆီသို့လျှောက်လှမ်းခဲ့သည်မှာ သုံးနှစ်ကျော်လာပြီဖြစ်သည်။

သမဝါယမဦးစီးဌာနက ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို Action Plan ၉ ချက် ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။ မျက်မှောက်ကာလ သမဝါယမများသည် ခေတ်မီသော၊ ဒီမိုကရေစီနှင့်ကိုက်ညီသော သမဝါယမများဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ စည်းရုံးပညာပေးခြင်း၊ တည့်မတ်ပြုပြင်ပေးခြင်းတို့ကို သမဝါယမဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သမဝါယမအသင်းများဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မေလအထိ အလုပ်မလုပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၁၂၆၂ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ယနေ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ နှစ် (၁၂၀) ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည်။ ယခုနှစ် နှစ်ပတ်လည်နေ့၏ ဆောင်ပုဒ်မှာ “လူမှုစီးပွားဘဝဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး” ဟူ၍ဖြစ်ရာ ပြည်သူလူထုအတွင်း သမဝါယမစိတ်ဓာတ်နှင့် သမဝါယမလှုပ်ရှားမှုဆိုင်ရာအသိပညာတို့ မှန်ကန်စွာပြန့်ပွားစေရန်နှင့် သမဝါယမအသင်းများကို မိမိတို့ဆန္ဒအလျောက် စိတ်တူသဘောတူဖွဲ့စည်းလာကြရန်လိုသည်။ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာမည်ဖြစ်သလို ပြည်သူလူထု၏ လူမှုစီးပွားဘဝများကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ဖွဲ့စည်းပြီး၊ ဖွဲ့စည်းဆဲ၊ ဖွဲ့စည်းမည့် သမဝါယမအသင်းများအနေဖြင့် သမဝါယမစိတ်ဓာတ်၊ သမဝါယမစနစ်ဖြင့် စီးပွားရေးလောကထဲသို့ ဝင်ရောက်လှုပ်ရှားလုပ်ကိုင်လိုကြသည့် စိတ်တူ၊ ကိုယ်တူများစုပေါင်း၍ မိမိတို့၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ကိုယ့်စွမ်းကိုယ်စဖြင့် စွမ်းဆောင်ရယူနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိတ္ထီလာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝါလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေး ဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ်ရှိ ကန်တော်မင်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝါလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ကို စံပြခရိုင်အဖြစ် ဆောင်ရွက်နေသည့်အတွက် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများ ပန်းတိုင်အထွက်တိုးအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာ ဖူလုံရေးအတွက် နိုင်ငံတော်ကလည်း ကြိုးစားဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးကလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ဝါနှင့်ပတ်သက်ပြီး အထည်အလိပ်ချည်များကို ပြည်ပက တင်သွင်းနေရ၍ ပြည်တွင်း၌ထုတ်လုပ်ရန် မှာကြားချက်ရှိကြောင်း၊ ကုန်ကြမ်းဖြစ်သည့်ဝါကို ထွက်ရှိအောင် တိုင်းဒေသကြီးအတွင်း ကြိုးစားဆောင်ရွက်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနက် မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဦး၊ မိတ္ထီလာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇင်မင်းထိုက်၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်မြင့်တို့က ၎င်းတို့လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခြေအနေများနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်အလက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၄၇၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲဧက ၄၇၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၆၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈၆၄ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၅ ဧက၊ အရာတော်မြို့နယ်တွင် ၂၉၄၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၈၀၇ ဧက စုစုပေါင်း ၄၆၄၈ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၈၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၅၀၊ အရာတော်မြို့နယ်တွင် ဧက ၃၀၅၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၈၀၀ စုစုပေါင်း ဧက ၄၇၅၀ ဖြစ်ကြောင်းသိရသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၂၀၆)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက သီးထပ်ရင်စပါးတင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ သီးထပ်ရင်စပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို နိုဝင်ဘာလအတွင်းက သီးထပ်ရင်စပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းလာတာ ဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကို စပါးက အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလဲ့က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် ခမ္မကျကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခမ္မကျကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ခမ္မကျကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခမ္မကျကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၈၇၉၉ သန်း အသုံးပြု၍ ၂၀၁၄ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ခမ္မကျကျေးရွာရှိ ဒေသခံပြည်သူများ၏ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အေးသူ**

# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ဖိုကန်ကျေးရွာ၌ ဧကောဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်အုတ်ဖိုကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားကဏန်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ကြည်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကျားကဏန်း ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားကဏန်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က လပွတ္တာမြို့နယ်ကတင်ပို့တဲ့ ရေထွက်ကုန်တွေကို ဝယ်ယူမှုအများဆုံးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ကြည်ဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း တစ်ပိဿာလျှင်ငွေကျပ် ၁၅၅၀၀ မှ ၃၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျားကဏန်းများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၅ ဦးကို ငွေကျပ် ၅၁၅ သိန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ကိုသက်**

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၈၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**တမူး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၈၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ကေ ၃၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၈၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာကေ ၃၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၈၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၄၅ ကေ၊ တမူးမြို့နယ်တွင် ၅၃၆ ကေနှင့် ခါမ်းပါတ်မြို့တွင် ၁၇၀၇ ကေ စုစုပေါင်း ၂၂၈၈ ကေတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၁၅၀၊ တမူးမြို့နယ်တွင် ကေ ၈၀၀ နှင့်ခါမ်းပါတ်မြို့တွင် ၂၃၅၀ ကေ စုစုပေါင်း ကေ ၃၃၀၀ တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ပုဂံသားတစ်ဦးရေးထိုးသည့် စောမင်းလတ်ကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံခေတ်တွင် ဘုရင်နှင့် မင်းမှူထမ်းများအပြင် သာမန်ပြည်သူများကလည်း ဘုရားတည်၊ ကျောင်းဆောက်ခြင်း စသည့်အလှူများကို ပြုလုပ်ခဲ့ကြသည်။ ထိုအလှူရှင်များသည်လည်း မိမိတို့၏ကောင်းမှုမှတ်တမ်းများကို မြန်မာဘာသာစကားဖြင့် ကျောက်စာများရေးထိုးခဲ့ကြသည်။ ပုဂံခေတ်တွင် တော်ဝင်မျိုးနွယ်၊ အမတ်မျိုးနွယ်မဟုတ်သည့် သာမန်ပြည်သူများ ရေးထိုးခဲ့သည့် ကျောက်စာများအနက် စောမင်းလတ်ကျောက်စာသည် ထင်ရှားသောအလှူမှတ်တမ်းတစ်ခုဖြစ်သည်။

ကျောက်စာတွင် အလှူရှင်အမည်ကို စောမင်းလတ်ဟုရေးထိုးထားသဖြင့် စောမင်းလတ်ကျောက်စာဟုခေါ်ဆိုခဲ့သည်။ ကျောက်စာပါအမည်အရ စောမင်းလတ်ကို အမျိုးသမီးအလှူရှင်ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ကျောက်စာပို့ချချက်စာအုပ်တွင် ဖော်ပြထားသည်။ သို့သော် စောမင်းလတ်သည် မည်သူဖြစ်ကြောင်း ထင်ရှားခြင်းမရှိချေ။

ထိုကျောက်စာကို ပုဂံ၊ အာနန္ဒာဘုရား၏ မြောက်ဘက်တွင်ရှိသည့် စောမင်းလတ်ဘုရားတွင် တွေ့ရှိခဲ့သည်။ ၎င်းနေရာသည် တိုင်းချွတ်ဂူဘုရား၏ အရှေ့ဘက်ဖြစ်သည်။ တိုင်းချွတ်ဂူဘုရားသည် ညောင်ဦးမှ ပုဂံသို့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် လာလျှင် သရပါတံခါးသို့မဝင်မီ ကားလမ်း၏ မြောက်ဘက်ကိုက် ၁၀၀ တွင် တည်ရှိသည်။ အာနန္ဒာစေတီ၏ မြောက်ဘက်ယွန်းယွန်းဖြစ်သည်။

အလှူရှင် စောမင်းလတ်သည် တိုင်းချွတ်ဂူဘုရားအရှေ့၌ တင့်တယ်သောအုတ်တံတိုင်းခတ်၍ စေတီနှင့် ဂူကိုပြုလုပ်ခဲ့သည်။ ထို့နောက် ထိုဂူဘုရားကို ရွှေအထွတ်တင်ကာ သလွဲခတ်ခဲ့သည်။ (သလွဲသည် ခဲသတ္တုဖြစ်ပြီး သလွဲဖြင့် အလှဆင်မှုကိုဆိုလိုခြင်းဖြစ်သည်။)။ ဂူဘုရားအတွင်း၌ ဘုရားဆင်းတုကို ပလ္လင်နှင့်တကွထားရှိသည်။ ရဟန်းသံဃာများ သီတင်းသုံးရန် ကျောင်းဆောက်လုပ်၍ မြေများကိုလည်း လှူဒါန်းခဲ့သည်။

စောမင်းလတ်အလှူ၏ ထူးခြားချက်မှာ လှူဒါန်းမှုအစုစုတွင် ပုဂံခေတ်က ဘုရားကျွန်ဟုခေါ်ဆိုခဲ့သည့် ဘုရားဝေယျာဝစ္စလုပ်သားများကို မိမိတည်ဆောက်လှူဒါန်းခဲ့သောဘုရားသို့ လှူဒါန်းမှုမရှိခဲ့ခြင်းဖြစ်သည်။

**အလှူရှင် စောမင်းလတ်**

စောမင်းလတ်သည် မိမိပြုခဲ့သည့် ကောင်းမှုများကို သက္ကရာဇ် ၅၉၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ သောကြာနေ့တွင် ကျောက်စာရေးထိုး စိုက်ထူခဲ့သည်။ ယခုအခါတွင် ထိုကျောက်စာတိုင်ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာတိုင်အမှတ် (၄၆) အဖြစ် ထိန်းသိမ်းထားသည်။ ကျောက်စာတွင် စာကြောင်း ၂၈ ကြောင်းရေးထိုးထားရာ ပုဂံကျောက်စာများတွင်တွေ့ရှိရသည့်အတိုင်း ဆုတောင်းစာများအပြင် ကျိန်စာများကိုပါ ဖတ်ရှုရပေသည်။

စောမင်းလတ်သည် နိဗ္ဗာန်ချမ်းသာကို ရလိုသောကြောင့် ကောင်းမှုကုသိုလ်များကိုပြုလုပ်ခဲ့သည်။ အလှူပြုလုပ်ချိန်သည် ပုဂံဘုရင် နားတောင်းများမင်းဟု ထင်ရှားသည့် ထီးလိုမင်းလိုမင်း နန်းစံနေချိန်ဖြစ်သည်။ နားတောင်းများမင်းသည် ပုဂံ၌ ထီးလိုမင်းလိုဘုရားနှင့် မဟာဗောဓိစေတီကိုတည်ခဲ့ပြီး သာမန်ပြည်သူတစ်ဦးဖြစ်သော စောမင်းလတ်သည် ကြီးမားသောစေတီပုထိုးများကိုတည်ခွင့်မရခဲ့ဘဲ အာနန္ဒာစေတီ၏မြောက်ဘက်ရှိ တိုင်းချွတ်ဂူဘုရားအနီး၌ စေတီနှင့်ဂူဘုရားငယ်တစ်ဆူကိုသာ တည်ခွင့်ရရှိခဲ့ဟန်ရှိသည်။

စောမင်းလတ်အလှူပြုချိန်တွင် ပုဂံ၌ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှု ခိုင်မာနေပြီဖြစ်ရာ စောမင်းလတ်သည် ဗုဒ္ဓဘာသာအပေါ်တွင် လေးလေးနက်နက် သက်ဝင်ယုံကြည်ခဲ့မည်ဟု မှန်းဆနိုင်သည်။ အလှူရှင်သည် ဘုရား၊တရား၊ သံဃာဟူသည့် ရတနာမြတ်သုံးပါးအပေါ်တွင် ရိုသေမြတ်နိုးသူတစ်ဦးဖြစ်ကြောင်း ကျောက်စာတွင်ဖော်ပြထားသည်။ ထို့အတူ ဗုဒ္ဓသာသနာတော်၌ ကောင်းစွာယုံကြည်လျက် သဒ္ဓါကြည်ညိုသူလည်းဖြစ်သည်။

အလှူရှင်သည် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကိုအလိုရှိသဖြင့် ရွှေ၊ ငွေ စသည့်ဥစ္စာရတနာများစွာကို စွန့်လွှတ်ခဲ့သည်။ ရခဲလှစွာသော ရတနာသုံးပါးကိုထားရှိရန် စေတီနှင့်ဂူဘုရားကို တည်ခဲ့သည်။ စေတီနှင့်ဂူဘုရားကိုမတည်မီ တိုင်းချွတ်ဂူဘုရားရှေ့တွင်အုတ်တံတိုင်းကိုဦးစွာခတ်ပြီးမှ တံတိုင်းပရိဝုဏ်အတွင်း၌ စေတီနှင့်ဘုရားကို တည်ဆောက်ခဲ့သည်။

စေတီကို ရွှေအထွတ်တင်ပြီးနောက် အဆန်းတကြယ်တင့်တယ်စေရန် သလွဲခေါ် ခဲသတ္တုတစ်မျိုးခတ်နှိပ်ကာ တန်ဆာဆင်ခဲ့သည်။ ၎င်းအထောက်အထားအရ ပုဂံခေတ်တွင် ရွှေ၊ ငွေ စသည့် အဖိုးတန်သတ္တုများကဲ့သို့ သလွဲကိုလည်း အဆောက်အအုံများတင့်တယ်လှပစေရန် တန်ဆာဆင်ရာတွင် အသုံးပြုကြောင်း ခန့်မှန်းနိုင်ခဲ့ပေသည်။

အလှူရှင်စောမင်းလတ်သည် စေတီ၊ ဂူဘုရားအပြင် ရဟန်းသံဃာများ သီတင်းသုံးရန် ကျောင်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ကျောင်းတွင်နေထိုင်သီတင်းသုံးမည့် သံဃာများအတွက် အထောက်အပံ့အဖြစ် လယ်ပယ်များစွာကို လှူဒါန်းကာ ကျောက်စာတွင် လယ်များရှိသည့် အရပ်နှင့် ပယ်အရေအတွက်ကို တိကျစွာဖော်ပြခဲ့သည်။

စောမင်းလတ်လှူဒါန်းသည့် လယ်များသည် မပင်စရကန္တူ၊ စလင်းအောက်လိုင်၊ မကန္ဒရာအရပ်တောင်ဥ၊ တောင်ပိခေါင်စာ၊ ပင်လယ်ကန်အောက်တောင်၊ ဆတ်သမင်ကွင်း စသည့်ပုဂံအမည်ပါ ဒေသများဖြစ်၍ လှူဒါန်းသည့်လယ်စုစုပေါင်းသည် ၂၂၅ ပယ်ဖြစ်သည်။ ဤမျှများပြားသောလယ်များကို လှူဒါန်းနိုင်သည့် စောမင်းလတ်သည် ချမ်းသာကြွယ်ဝပြီး သဒ္ဓါတရားထက်သန်သူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်နေခဲ့သည်။ သို့သော် အချို့သောအလှူများကဲ့သို့ ကျေးကျွန်လှူဒါန်းမှုကို မပြုလုပ်ခဲ့ပေ။

**ကျောက်စာပါ ကျိန်စာနှင့် ဆုတောင်းစာ**

စောမင်းလတ်သည် မိမိအလှူအတွက် ကောင်းမြတ်သောဆုများကို တောင်းခဲ့သည်။ ထို့အတူ အလှူရှင်သည် ပုထုဇဉ်ပီပီ မိမိအလှူပစ္စည်းများ ရေရှည်တည်တံ့စေရန်ရည်မျှော်လျက် အလှူအဆောက်အအုံနှင့် မြေယာလယ်ပယ်များကို လုယက်ဖျက်ဆီးသူများဘေးမကင်းဝေးစေရန် ကျိန်စာဆိုခဲ့သည်။ ကျောက်စာတွင် ကျိန်စာများကို စာကြောင်းအမှတ် (၁၄) မှ စာကြောင်းအမှတ်(၂၁) ထိ ရေးထိုးပြီးမှ ဆုတောင်းစာကို ရေးခဲ့သည်။

ထို့ကြောင့် စောမင်းလတ်သည် မိမိအလှူအတွက် ဆုတောင်းထက် မိမိအလှူပစ္စည်းများတည်တံ့ရေးကို ဦးစားပေးစိတ်ညွတ်ခဲ့ကြောင်း မှန်းဆရပေသည်။

အလှူရှင်၏ကျိန်စာကို ခေတ်သုံးမြန်မာစကားဖြင့် "ဤ ငါလှူသောအလှူကို လုယက်ဖျက်ဆီးသူကား ဤလူလက်ထက် အပြစ်ရှစ်ပါးရောက်စေသတည်း၊ ခန္ဓာပျက်၍ သေသောအခါ သိဉ္စိုးငရဲ၊ ကာဠသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲ၊ ဤသို့သော ငရဲတို့၌ ဒေဝဒတ်ခံ၏။ ဒေဝဒတ်ခံရသောထက် အဆအရာ၊ အဆအထောင်၊ အဆအသောင်း၊ အဆအသိန်း တပြောင်းပြန်ပြန်ခံစေသတည်း၊ ငါ့မြေကိုစားသော ယောက်ျားလည်းကောင်း၊ မိန်းမလည်းကောင်း သေသောအခါ ဒု အရက် ၆၀ သွား၊ အလျား၊ အနံ အရက် ၆၀ သွားရသော ကျောက်ဖျာကြီးတွင် ခါးရှေ့နစ်လျက် ရေလည်းမရ၊ အစာလည်းမရ၊ လျှာ ငါးလံထွက်လျက် ခံစေတည်း"ဟုအဓိပ္ပာယ်ရသည့် စာသားများကို ပုဂံခေတ်သုံး အက္ခရာစာလုံးများဖြင့် ရေးထိုးခဲ့သည်။

ထိုကျိန်စာများသည် ဖတ်ရသူအတွက် ထိတ်လန့်ကြောက်မက်ဖွယ်ဖြစ်သည်။ အလှူရှင်သည် ထိတ်လန့်တုန်လှုပ်ဖွယ် ကျိန်စာများဖြင့် မိမိအလှူပစ္စည်းများကို ကာကွယ်ထားခဲ့ခြင်းဖြစ်သည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် မကြာခဏမြင်တွေ့ရသည့် ကျိန်စာများအရ ပုဂံသားတို့သည် ကျိန်စာသင့်မည်ကို စိုးရိမ်ကြောက်လန့်ကြဟန်ရှိခဲ့ပေသည်။

စောမင်းလတ်၏ ကြောက်ဖွယ်ကောင်းသည့် ကျိန်စာတွင် ဗုဒ္ဓဘာသာဝင်များယုံကြည်လက်ခံထားသည့် ငရဲကြီး ရှစ်ထပ်အမည်ကို ပြည့်စုံစွာဖော်ပြထားခြင်းသည် ပုဂံခေတ်နှောင်းပိုင်းကာလ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဗုဒ္ဓဘာသာအပေါ် ထဲထဲဝင်ဝင် သိရှိနေမှုကို ပေါ်လွင်စေခဲ့သည်။

ဤကျိန်ဆိုမှုနှင့် ဆင်တူသည့်စာများကို နားတောင်းများမင်းကြီးရေးထိုးခဲ့သည့် ခေမာဝရကျောက်စာအပါအဝင် ပုဂံကျောက်စာတချို့တွင် မြင်တွေ့ဖတ်ရှုနိုင်သည်။ ကကုသန်ဘုရားရှင်လက်ထက်က သူတစ်ပါးလှူဒါန်းထားသည့် အလှူပစ္စည်းဖြစ်သည့် လယ်ကိုလုယူသည့် ယောက်ျားတစ်ဦး ပြိတ္တာဘဝဖြင့်ခံစားရပုံကို သာဓကဆောင်ထားခြင်းဖြစ်သည်၊ ၎င်းဇာတ်တော်မူရင်းကို ပါသဏ္ဍတ္တပြိတ္တာဝတ္ထုတွင် ဖတ်ရှုနိုင်ကြသည်။ ဘုရားရှင်၏ကျမ်းစာများမှ ကောက်နုတ်ရေးထိုးထားသည့် ကျိန်စာသည်ပင် ပုဂံသားများ၏ ပိဋကတ်စာပေတွင် နှံ့စပ်ကျွမ်းကျင်မှုကို ရည်ညွှန်းနေပေသည်။

ထို့အတူဆုတောင်းစာတွင် "ဤငါပြုသော ကောင်းမှုကိုချီးပင့်ပါသော ရေမြေစိုးသောမင်းလည်း ကောင်း၊ ကြီးကြီးစွာသော အမတ်လည်းကောင်း၊ သူဆင်းရဲလည်းကောင်း၊ လူဖြစ်သော်ကား လူမြတ်၊ နတ်ဖြစ်သောကား နတ်မြတ် ဖြစ်စေသတည်း။ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ ဤနတ်၏အသက်အတိုင်းနေ၍ လူ၏စည်းစိမ်၊ နတ်၏စည်းစိမ်ခံစားပြီးသော အဆုံးစွန်ကား အသိမြတ်သောသူတော်တို့ တောင့်တစွာသောအဖြစ် အိုမင်း၊ သေခြင်းကွာသော ရုပ်နာမ်ချုပ်ရာ သာယာစွာသော နိဗ္ဗာန်ချမ်းသာအား ရောက်စေလျှင်တည်း၊ နိဗ္ဗာပစ္စယောဟောတိ"ဟု ရေးထိုးကာ ကျောက်စာကို အဆုံးသတ်ထားသည်။

စောမင်းလတ်ကျောက်စာတွင် ဆုတောင်းစာများကို စာကြောင်းအမှတ် (၂၂) မှ (၂၈) အထိရေးထိုးထားသည်၊ ထိုဆုတောင်းစာများအရ ပုဂံသားများသည် ဗုဒ္ဓအဘိဓမ္မာတွင်ပါရှိသည့် နတ်ပြည် ခြောက်ထပ်ကို ကောင်းစွာသိရှိနေကြကာ နိဗ္ဗာန်သည် အိုခြင်း၊ နာခြင်း သေခြင်းကင်း၍ ရုပ်၊ နာမ်တို့ချုပ်ငြိမ်းရာ ချမ်းသာအစစ်ဖြစ်ကြောင်း ကောင်းစွာသိမြင် လက်ခံထားကြပြီဖြစ်ကြောင်း တွေ့ရှိရသည်။

**ကျောက်စာပါ အရေးအသား**

ပျူခေတ်တွင် ပျူဘာသာစကားဖြင့်ရေးထိုးသည့် စာများကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာများမှ ရရှိခဲ့သည့် ကျောက်ထွင်းအိုး၊ ကျောက်ပလ္လင်၊ ကျောက်စာချပ်၊ ရွှေပေလွှာ စသည့်ပျူယဉ်ကျေးမှုရုပ်ဝတ္ထုပစ္စည်းများပေါ်တွင် တွေ့ရှိခဲ့ရသည်။ ပျူခေတ်တွင် မြန်မာဘာသာစကားကို အသုံးပြုခဲ့သည့် အထောက်အထားများကို မတွေ့ရှိရသေးဘဲ မြန်မာစာပေအရေးအသားကို ပုဂံခေတ်ရောက်မှ အစောဆုံးတွေ့ရှိရသည်။ ပုဂံခေတ်သုံး မြန်မာဘာသာစကားဖြင့် ရေးခဲ့သည့် စာအရေးအသားများကို မှတ်တမ်းကျောက်စာများပေါ်တွင် တွေ့ရှိရသည်။

စောမင်းလတ်ကျောက်စာကို နမောဗုဒ္ဓါယဟူသော ဘုရားရှိခိုးဖြင့် အစချီထားသည်။ အလှူပြုချိန်ကို သက္ကရာဇ် ၅၉၃ ခုနှစ်၊ စိဿနှစ်ဟု ဖော်ပြသည်။ သို့သော် ပုဂံခေတ် ခုနှစ်သက္ကရာဇ်အမည်ပေးစနစ်အရ သက္ကရာဇ် ၅၉၃ ခုနှစ်သည် သရဝဏ်နှစ်ဖြစ်သည်။ ထိုသို့ခုနှစ်သက္ကရာဇ်နှင့် နှစ်အမည်လွဲနေသည့် ပုဂံကျောက်စာတချို့ကိုလည်း တွေ့ရှိရသည်။

ခြောက်ကြာနေ့ဟုရေးထိုးထားခြင်းသည် ထူးခြားသော အသုံးအနှုန်းဖြစ်သည်။ ရက်သတ္တပတ်တစ်ခု၏ ခြောက်ရက်မြောက် နေ့သည် သောကြာနေ့ဖြစ်သဖြင့် ခြောက်ဂဏန်းနှင့်သောကြာကို ပေါင်းစပ်ရေးထိုးထားခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် ထိုအသုံးအနှုန်းမျိုးကို ဗေဒင်ပညာရပ်နယ်ပယ်တွင်အသုံးပြုကြသည်။

စောမင်းလတ်ကျောက်စာတွင် နာမဝိသေသနပုဒ်များကို များစွာအသုံးပြုထားကြောင်းသတိပြုနိုင်မည်ဖြစ်သည်။ ရတနာသုံးပါး၌ ရိုသေမြတ်နိုးစွာထသော၊ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော၊ အိုမင်းသေခြင်းကွာသော၊ရုပ်၊ နာမ်ချုပ်ရာ သာယာစွာသော စသဖြင့် 'သော'ဖြင့်ဆုံးသော နာမဝိသေသနပုဒ်များကို အဓိပ္ပာယ်ပေါ်လွင်စေရန် သုံးစွဲထားသည်။

ထို့အတူ စွန့်လွှတ်ကိုစွန့်၊ ပြုလုပ်ကိုပြုဟု လုံးချင်းကြိယာများကိုသုံးထားပြီး ရိုသေမြတ်နိုး၊ သဒ္ဓါကြည်ညို၊ ချီးပင့် စသည့်လုံးတွဲကြိယာများကိုလည်း အလျဉ်းသင့်သည့် နေရာများတွင်သုံးစွဲသည်။ မျက်မှောက်ခေတ်အရေးအသားနှင့်ကွဲလွဲသည့် ရတ္တနာ(ရတနာ)၊ သတ္တာ(သဒ္ဓါ)၊ တ္တဲင် (တင့်တယ်)၊ ညှိုမ်(စည်းစိမ်)၊ တေဝတတ်(ဒေဝဒတ်) စသောထူးခြားသည့် စာလုံးပေါင်းများကို တွေ့ရှိရပေသည်။

မည်သို့ပင်ဖြစ်စေ စောမင်းလတ်ကျောက်စာသည် သာမန်ပြည်သူတစ်ဦးက ရိုးရှင်းပြေပြစ်သော အရေးအသားဖြင့် မိမိ၏အလှူမှတ်တမ်းကို ပေါ်လွင်စွာဖော်ပြရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ်အဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **စောမင်းလတ်ကျောက်စာ(သက္ကရာဇ် ၅၉၃ ခု)**
- **မ ၃၁၀၈ ဘာသာစကား(၂)ပို့ချချက် (ရန်ကုန်အဝေးသင်တက္ကသိုလ်)**

**❖စောမင်းလတ်သည် မိမိပြုခဲ့သည့်ကောင်းမှုများကို သက္ကရာဇ် ၅၉၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ သောကြာနေ့တွင် ကျောက်စာရေးထိုး စိုက်ထူခဲ့သည်။ ယခုအခါတွင် ထိုကျောက်စာတိုင်ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာတိုင်အမှတ် (၄၆) အဖြစ် ထိန်းသိမ်းထားသည်။ ကျောက်စာတွင် စာကြောင်း ၂၈ ကြောင်းရေးထိုးထားရာ ပုဂံကျောက်စာများတွင် တွေ့ရှိရသည့် အတိုင်း ဆုတောင်းစာများအပြင် ကျိန်စာများကိုပါ ဖတ်ရှုရပေသည်။ စောမင်းလတ်သည် နိဗ္ဗာန်ချမ်းသာကို ရလိုသောကြောင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့သည်။ ❖**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၁၇၅၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ခင်ဦး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၁၇၅၇၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၈၇၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၇၅၇၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၇၈ ဒသမ ၁၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါးဧက ၉၈၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ စိုက်ပျိုးခဲ့ချိန်မှာလဲ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည်တို့ကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ကိုယ်ပေါင်းစိတ်ခွာ

– အပြန်အလှန်မကင်းပါဘု
ကန်တွင်းက နွံနဲ့ကြာ။

– အခြေစပ်ပေမယ့်
အနေမြတ်အောင် နေရှာတော့
ရွှေကြာမှာ ရေပြာထက်
အသရေဖြာ ဝေဆာလျက်
ရှုမက်ဖွယ်ရာ။

– ဤဥပမာ
အတည်ပြုကာ မှာချင်စမ်း။

– သူမတော် မူမကောင်းလျှင်ဖြင့်
လူပေါင်းသော် စိတ်ခွာပေ့ါ
အရိပ်ပမာ ဒွန်တွဲလေက
နွံထဲမှာ နစ်ဝင်လို့
အညစ်မစင် ဘဝတုံးပေလိမ့်
ရုန်းထွက်ကာ အပြုမွန်နဲ့
လူ့တံခွန် အောင်လံလွှင့်ကာပ
(တက်လူတို့ရေ...)
မြင့်ရာသို့လှမ်း။ ။

**ချစ်စုအောင်**

## မိတ္ထီလာမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နတ်ကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါနတ်ကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၇၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။


**သန်းလွင်(မကွေး)**


COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။




# အင်ဒိုနီးရှားသမ္မတ ဆူဘီယန်တို အီဂျစ်နိုင်ငံသို့ ထွက်ခွာ



**ဂျကာတာ ဒီဇင်ဘာ ၁၇**

ဒီ-၈ အုပ်စုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ရေးအတွက် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ယနေ့တွင် အီဂျစ်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ဒီ-၈ အုပ်စု ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့တွင် ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ အီရန်၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသည်။

ဒီ-၈ အုပ်စုဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့သည် အရှေ့တောင်အာရှနှင့် အာဖရိကတို့မှဖွံ့ဖြိုးဆဲနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။

အီဂျစ်နိုင်ငံခရီးစဉ်အတွင်း မိမိအနေဖြင့် အီဂျစ်သမ္မတ အက်ဘ်ဒယ်လ်အယ်လ်စီစီတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတဆူဘီယန်တိုက ပြောကြားထားသည်။

အီဂျစ်ခရီးစဉ် ပြီးဆုံးချိန်တွင် အင်ဒိုနီးရှားသမ္မတ ဆူဘီယန်တိုသည် မလေးရှားနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ဆူဘီယန်တိုသည် သမ္မတရွေးကောက်ပွဲ အနိုင်ရခဲ့ပြီးနောက်ပိုင်း နိုင်ငံပေါင်း ၂၀ ကျော်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# အမေရိကန်စာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား စုစုပေါင်း သုံးဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ် စာသင်ကျောင်းတစ်ကျောင်း၌ အသက် ၁၅ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးက ဒီဇင်ဘာ ၁၆ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ကျောင်းသားတစ်ဦးနှင့် ကျောင်းဆရာတစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။




အဆိုပါ သေနတ်ပစ်ခတ်မှုသည် မူလတန်းကြိုမှ ၁၂ တန်းထိ ပါဝင်သော ကျောင်းသားပေါင်း ၄၂၀ တို့ တက်ရောက်နေသော မက်ဒီဆင်မြို့ ပုဂ္ဂလိကစာသင်ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ နာတာလီရုပ်ပနောင်း အမည်ရှိ အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးဖြစ်ပြီး ပစ်ခတ်မှုကျူးလွန်ပြီးနောက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခဲ့ကြောင်း မက်ဒီဆင်မြို့ ရဲတပ်ဖွဲ့က ပြောကြားထားသည်။

မက်ဒီဆင်မြို့စာသင်ကျောင်း သေနတ်ပစ်ခတ်မှုအတွင်း လူပေါင်း ခြောက်ဦးလည်း ဒဏ်ရာများရခဲ့ကြောင်း မက်ဒီဆင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုများသည် အမေရိကန်နိုင်ငံ၌ မကြာမကြာဖြစ်ပွားတတ်သော ပစ်ခတ်မှုများဖြစ်ကြပြီး ယခုနှစ်အတွင်း ၃၂၂ မှုထိ ဖြစ်ပွားခဲ့ပြီးဖြစ်သည်။

၂၀၂၃ ခုနှစ်တွင်မူ အမေရိကန်နိုင်ငံ၌ စာသင်ကျောင်းပစ်ခတ်မှုပေါင်း ၃၄၉မှုထိ ရှိခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ယခုနှစ်ရွေးကောက်ပွဲအလွန်ဆန္ဒပြပွဲများ၌ ပါဝင်သူ ဦးရေ ၃၀၀ကျော် ဗင်နီဇွဲလားပြန်လွှတ်

**ကာရာကတ်စ် ဒီဇင်ဘာ ၁၇**

ယခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲအလွန်ကာလ၌ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲအတွင်း ဖမ်းဆီးထားသည့် ဆန္ဒပြသမား ၃၂၈ ဦးကို ဗင်နီဇွဲလားအစိုးရက ဒီဇင်ဘာ ၁၆ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲအပြီးဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများ၌ ပါဝင်မှုဖြင့် လူပေါင်း ၂၀၀၀ ကျော်ကို ဗင်နီဇွဲလားအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။



သို့ရာတွင် ဆန္ဒပြပွဲများ၌ ပါဝင်ခဲ့သူများအနက် ၃၂၈ ဦးကို ဒီဇင်ဘာ ၁၆ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ဗင်နီဇွဲလားရှေ့နေချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် ဇူလိုင်လ သမ္မတရွေးကောက်ပွဲတွင် လက်ရှိဗင်နီဇွဲလားသမ္မတနီကိုလပ်စ်မာဒူရိုက တတိယအကြိမ်အဖြစ် ထပ်မံအနိုင်ရခဲ့သည်။

သို့ရာတွင်အဆိုပါရွေးကောက်ပွဲမှာ မသမာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အတိုက်အခံများက စွပ်စွဲခဲ့ပြီးနောက် ရွေးကောက်ပွဲအလွန်ကာလ၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့ရသည်။

ဗင်နီဇွဲလား အာဏာပိုင်များသည် ဆန္ဒပြပွဲများတွင် ပါဝင်မှုဖြင့် ဖမ်းဆီးထားသူများအနက် ၃၂၈ ဦးကို ဒီဇင်ဘာ ၁၆ ရက်တွင် ပြန်လွှတ်ပေးခဲ့ပြီး ၂၂၅ဦးကိုမူ နိုဝင်ဘာလတွင် ပြန်လွှတ်ပေးခဲ့ကြောင်း ဗင်နီဇွဲလားရှေ့နေချုပ်ရုံး သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**Ref : RT**

**Trs : KKO**

# အစိုးရအပေါ် အယုံအကြည်မရှိအဆို ဂျာမနီလွှတ်တော် မဲခွဲခဲ့ရာ ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ် အရေးနိမ့်

**ဘာလင် ဒီဇင်ဘာ ၁၇**

ဂျာမနီလွှတ်တော်က ဒီဇင်ဘာ ၁၆ ရက်တွင် အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုကို မဲခွဲခဲ့ရာ ဝန်ကြီးချုပ်အိုလက်ဖ်ရှုဇ် အရေးနိမ့်ခဲ့ရကြောင်း သိရသည်။

အစိုးရအဖွဲ့အပေါ်အယုံအကြည်မရှိအဆိုကို ဂျာမနီလွှတ်တော်က မဲခွဲအတည်ပြုခဲ့ပြီးနောက် ဂျာမနီနိုင်ငံအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရွေးကောက်ပွဲများ ကျင်းပရတော့မည်ဖြစ်သည်။

အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုကို လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် ဂျာမနီသမ္မတ ဖရန့်ခ်ဝေါလ်တာစတိန်းမေယာက လွှတ်တော်ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး လွှတ်တော်ရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ကျင်းပရန် ညွှန်ကြားထားကြောင်း သိရသည်။

စွမ်းအင်ဈေးနှုန်း မြင့်တက်လာမှုကြောင့် အထိနာခဲ့ရသော စီးပွားရေးကို ပြန်လည်ထိန်းထားနိုင်ရေးအတွက် ရုန်းကန်နေရစဉ် ဂျာမနီနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်းများ ပေါ်ပေါက်နေရခြင်းဖြစ်သည်။

ယခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်၏ သုံးပါတီညွန့်ပေါင်းအစိုးရ ပြိုကွဲခဲ့ပြီးနောက် ဂျာမနီနိုင်ငံမှာ နိုင်ငံရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

လူထုသဘောထားကောက်ခံမှုရလဒ်များအရ ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ် ကိုယ်တိုင်သည်လည်း လူထုထောက်ခံမှုနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဆီးရီးယားပြည်သူများ ကိုယ့်အနာဂတ်ကိုယ်ဆုံးဖြတ်ရန် ရုရှားနိုင်ငံတိုက်တွန်း

**ဒမတ်စကတ် ဒီဇင်ဘာ ၁၇**

ဆီးရီးယားပြည်သူများအနေဖြင့် မိမိတို့၏အနာဂတ်ကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ဆီးရီးယားပြည်တွင်းရှိ လူမျိုးစုအမျိုးမျိုးတို့၏ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်မည့် အားလုံးပါဝင်နိုင်မှုရှိသော အစိုးရအဖွဲ့ဖွဲ့စည်းရန်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံအနေဖြင့် သမ္မတဟောင်း အာဆတ်ဦးဆောင်သော ဆီးရီးယားအစိုးရအဖွဲ့ ပြိုကွဲခဲ့ပြီးနောက်ပိုင်း လက်ရှိအချိန်ထိ ဆီးရီးယားနိုင်ငံ၏အခြေအနေကို အနီးကပ် စောင့်ကြည့်နေဆဲဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ဆီးရီးယား၏ အနာဂတ်ကို ဆီးရီးယားပြည်သူများကိုယ်တိုင် ဆုံးဖြတ်နိုင်ရေးမှာ ရုရှားနိုင်ငံအတွက် အရေးကြီးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် ရုရှားပြည်သူများနှင့် ဆီးရီးယားပြည်သူများကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှုတို့ ဆက်လက်တည်တံ့နေမည်ဟု မိမိတို့ယုံကြည်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံသည် သမ္မတဟောင်း အာဆတ် အစိုးရအဖွဲ့ကို ကာလကြာမြင့်စွာ ထောက်ခံအားပေးခဲ့ပြီး ဆီးရီးယားနိုင်ငံတွင်လည်း စစ်စခန်းနှစ်ခုချထားသောနိုင်ငံဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဒရာဂွန်အာကာသကုန်တင်ယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီဖြစ်



**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည် ခွာထွက် လာပြီဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်းမှခွာထွက်ပြီးနောက် ယနေ့တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်းလွန်ရေပြင် အအတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် ကမ္ဘာမြေအပြန်ခရီး တွင် နိုင်ငံတကာ အာကာသစခန်း မှ သိပ္ပံပညာ စမ်းသပ်ပစ္စည်းများ ပြန်လည် သယ်ယူလာကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများ က ပြောကြားသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်း ထောက်ပံ့လုပ်ငန်းသုံး အာကာသ ကုန်တင်ယာဉ်များ အနက် နိုင်ငံတကာ အာကာသ စခန်း သိပ္ပံပညာစမ်းသပ်ပစ္စည်း များကို ကမ္ဘာပေါ်သို့ ပြန်လည် သယ်ယူပေးနိုင်သည့် တစ်စင်း တည်းသော အာကာသကုန်တင် ယာဉ်ဖြစ်သည်။

Space-X ကုမ္ပဏီသည် ဒရာ ဂွန် အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဒီဇင်ဘာ ၄ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင် ခဲ့ခြင်းဖြစ်သည်။

၎င်းအာကာသကုန်တင်ယာဉ် သည် နိုင်ငံတကာ အာကာသစခန်း အတွက် ရိက္ခာပစ္စည်းနှင့် သိပ္ပံ ပညာ စမ်းသပ်ပစ္စည်း စုစုပေါင်း ကုန်စည် အလေးချိန် ကီလိုဂရမ် ၂၇၀၀ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စနေဂြိုဟ်ခါးပတ်ကွင်းများ၏သက်တမ်းက မျှော်လင့်ထားသည်ထက်ပို၍ရှေးကျနိုင်

**တိုကျို ဒီဇင်ဘာ ၁၇**


စနေဂြိုဟ်ခါးပတ်ကွင်းများ၏ သက်တမ်းသည် မျှော်လင့်ထား သည်ထက် ပို၍များစွာရှေးကျနိုင် ကြောင်း သိပ္ပံပညာရှင်များ၏အဆို ကို ကိုးကား၍ ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

စနေဂြိုဟ် ခါးပတ်ကွင်းများ၏ သက်တမ်းသည် နိုင်ငံတကာ သိပ္ပံ ပညာရှင်များကြား ဝိဝါဒကွဲပြားနေ ကြဆဲ ပြဿနာတစ်ရပ်ဖြစ် ကြောင်း သိရသည်။

၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ သည့် လေ့လာချက်တစ်ရပ်တွင် စနေဂြိုဟ် ခါးပတ်ကွင်းများ၏ သက်တမ်းမှာ စနေဂြိုဟ်သက် တမ်းနှင့်နှိုင်းယှဉ်ပါက လွန်စွာ နုနယ်ပြီး နှစ်ပေါင်း သန်း ၁၀၀ နှင့် ၄၀၀ ကြားတွင်သာရှိနိုင်ကြောင်း တွက်ချက်ထားသည်။

သို့ရာတွင် နေအဖွဲ့အစည်း၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကြောင်းအရ စနေဂြိုဟ် ခါးပတ်ကွင်းများ ထိုမျှ သက်တမ်းနုနေရခြင်းမှာ မဖြစ်နိုင်ကြောင်း ဂျပန်သိပ္ပံပညာ ရှင်များက ပြောကြားသည်။

ဂျပန် သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြုပုံစံ ဖန်တီးလေ့လာ မှုများအရ စနေဂြိုဟ်ခါးပတ်ကွင်း များမှာ စနေဂြိုဟ်စတင်ပေါ်ထွက် ခဲ့ပြီး မကြာမီမှာပင် ပေါ်ထွက်လာ ခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။



လွန်ခဲ့သောနှစ်သန်း ၁၀၀ နှင့် ၄၀၀ ကြားကာလမှာ နေအဖွဲ့ အစည်းအခြေထိုင်နေပြီဖြစ်သည့် ကာလဖြစ်ရာ အဆိုပါကာလ အတွင်း စနေဂြိုဟ်ခါးပတ်ကွင်း များ ပေါ်လာနိုင်ရန်မရှိကြောင်း ဂျပန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ထရက်ပစ်-၁ ကြယ်စနစ်အတွင်းရှိ ထရက်ပစ်-၁ ဘီ ဂြိုဟ်ပေါ်၌လေထုလွှာတည်ရှိနေနိုင်

**အမ်စတာဒမ် ဒီဇင်ဘာ ၁၇**

ထရက်ပစ်-၁ အမည်ရှိကြယ် စနစ်အတွင်းရှိ ထရက်ပစ်-၁ ဘီ ဂြိုဟ်ပေါ်၌ လေထုလွှာတည်ရှိနေ နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁၆ ရက်သတင်းများအရ သိရသည်။

ထရက်ပစ်-၁ ဘီဂြိုဟ်သည် ထရက်ပစ်-၁ ကြယ်ကို ဗဟိုပြု လှည့်ပတ်နေသည့် ကျောက်သား ဂြိုဟ်ခုနစ်စင်းထဲတွင် တစ်စင်း အပါအဝင်ဖြစ်သည်။



အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ (နာဆာ)က လွှတ် တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် မှ ရရှိသောအချက်အလက်များအရ ထရက်ပစ်-၁ ဘီ ဂြိုဟ်ပေါ်၌ လေထုလွှာတစ်မျိုး တည်ရှိနေနိုင် သည်ကို တွေ့ရကြောင်း၊ ထရက် ပစ်-၁ ဘီ ဂြိုဟ်၏ လေထုလွှာ ဓာတုဖွဲ့စည်းပုံသည် နေအဖွဲ့ အစည်းအတွင်းရှိ ဂြိုဟ်များ ၏ ဓာတုဖွဲ့စည်းပုံနှင့် တူညီနိုင် ဖွယ်မရှိကြောင်း နယ်သာလန် သိပ္ပံပညာရှင်များက သုံးသပ် ပြောကြားသည်

ထရက်ပစ်-၁ ကြယ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၉ နှစ် ခန့်အကွာတွင်တည်ရှိသော ကြယ် စနစ်ဖြစ်ပြီး အဆိုပါ ကြယ်စနစ်ကို အမေရိကန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံ ပညာရှင်များက ၁၉၉၉ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အလွန်အကျွံပြုပြင်ထားသည့် အစားအစာများကြောင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၇**

အဆီဓာတ်၊ အငန်ဓာတ်နှင့် သကြားဓာတ်များ ပါဝင်သော အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် အူမကြီး ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့် တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၁၆ ရက်သတင်းများအရ သိရသည်။

အထက်ပါ အလွန်အကျွံပြုပြင် ထားသည့် အစားအစာများ ကြောင့် အစာခြေလမ်းကြောင်း စနစ် ရောင်ရမ်းလာတတ်ပြီး အူမ ကြီးကင်ဆာ ဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း အမေ ရိကန်နိုင်ငံ ဖလော်ရီဒါတောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင် များက ပြောကြားသည်။

အမေရိကန် သုတေသနပညာ ရှင်များ၏လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် အစာခြေ လမ်းကြောင်းစနစ်အတွင်း ရောင် ရမ်းမှုကို အားပေးစေ့ဆော်တတ် သည့် ဓာတုပစ္စည်းများ ပေါ်ထွက် လာမှုမြင့်တက်လာတတ်ပြီး အစာ ခြေလမ်းကြောင်းစနစ် ရောင်ရမ်းမှု ပြဿနာနှင့်အတူ ခုခံအားစနစ် တုံ့ပြန်မှုများလည်း ပျက်ပြားသွား တတ်ရာ အူမကြီးကင်ဆာဖြစ်နိုင် ခြေလည်း မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် လူနာများထံမှ ရယူ ထားသည့် အူမကြီးကင်ဆာဆဲလ် များကို လေ့လာပြီးနောက် ၎င်းတို့ ၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကင်ဆာကုထုံးခံယူနေသူများ၏ ဝေဒနာများကို ဂျပန်ရိုးရာ ရိုင်ကီကျင့်စဉ်ဖြင့် လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၁၇**

ရိုင်ကီ(Reiki) ခေါ် ရှေးဟောင်း ဂျပန်ကျင့်စဉ်တစ်မျိုးသည် အချို့ သော ကင်ဆာရောဂါလူနာများ ကုထုံးရယူနေချိန် ခံစားရသည့် ဝေဒနာများကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ကင်ဆာကုထုံးများ ခံယူနေ စဉ်အတွင်း ရိုင်ကီစွမ်းအင်ဖလှယ် မှုကျင့်စဉ်ဖြင့် ကုသမှုခံယူသူ ကင်ဆာလူနာများ၌ ဝေဒနာ လက္ခဏာများ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရ ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဂျပန်ရိုးရာ ဒဏ်ရာကုသမှု နည်းလမ်းတစ်ခုဖြစ်သော ရိုင်ကီ ကျင့်စဉ်၏ သဘောတရားအရ စကြဝဠာ ဘဝစွမ်းအင်ခေါ် စွမ်းအင် တစ်မျိုးကို လူနာ၏ကိုယ်တွင်း သို့ ရိုင်ကီကျင့်စဉ်ဆရာက ပြောင်းလဲ ထည့်သွင်းပေးနိုင် ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ သည် ကင်ဆာရောဂါအတွက် ဓာတုကုထုံးကဲ့သို့ ကုထုံးများရယူ နေသော လူနာ ၂၉၈ ဦးတို့ကို ရိုင်ကီကျင့်စဉ်ကိုပါသုံး၍ ကုသမှု များ စမ်းသပ်ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာ သည့်ရလဒ်များအရ ရိုင်ကီကျင့်စဉ် သည် လူနာများ၏ ဝေဒနာ လက္ခဏာအားလုံးကို သိသိသာသာ လျှော့ချပေးနိုင်သည်ကို တွေ့ရ ကြောင်း သုတေသန ပညာရှင် များက ပြောကြားသည်။

သို့ရာတွင် ရိုင်ကီကျင့်စဉ်၏ ကျန်းမာရေးအပေါ် အကျိုးသက် ရောက်မှုများမှာ ဆေးပညာရှင်များ ကြား အငြင်းပွားနေကြရဆဲဖြစ် ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူအသင်းက မက်ဂွဲယားကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုပြုလုပ်

**မန်ချက်စတာ ဒီဇင်ဘာ ၁၇**

မန်ယူအသင်းက အသင်းမှ ဗဟိုခံစစ်ကစားသမား မက်ဂွဲယားကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ မက်ဂွဲယားသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က လက်စတာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းဘောလုံးရာသီများတွင် အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ ဒုတိယမြောက်ဘောလုံးရာသီတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရရှိသူဖြစ်သည်။

မက်ဂွဲယားသည် အသင်းနည်းပြဟောင်း တန်ဟတ်လက်အောက်တွင်လည်း အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ခုတွင် အမှားအယွင်းများစွာ ကျူးလွန်ခဲ့ပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းခေါင်းဆောင်ရာထူးကို လက်လွှတ်ခဲ့ရသူဖြစ်သည်။

မန်ယူအသင်းသည် နည်းပြဟောင်း တန်ဟတ်လက်ထက် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မက်ဂွဲယားကို ရောင်းချရန်အတွက် ဆုံးဖြတ်ပြီး ဝက်စ်ဟမ်းအသင်းသို့ ရောင်းချနိုင်ရန် သဘောတူညီမှုပင်ရရှိခဲ့သော်လည်း မက်ဂွဲယားကိုယ်တိုင်က မန်ယူအသင်းမှ မထွက်ခွာလိုသည့်အတွက် အပြောင်းအရွှေ့ကို ငြင်းပယ်ခဲ့သောကြောင့် အပြောင်းမရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

မက်ဂွဲယားသည် နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် ပွဲထွက်ခွင့်ပင် ပျောက်ဆုံးခဲ့သော်လည်း လက်ရှိနည်းပြသစ် အာမိုရင်လက်အောက်တွင်ပွဲကစားခွင့်များ ပြန်လည်ရရှိခဲ့ပြီး နည်းပြအာမိုရင်၏ ကစားကွက်နှင့်လည်း အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် မန်ယူအသင်းက မက်ဂွဲယားကို အသင်းတွင် ဆက်လက်ထားရှိလိုသောကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက်လည်း နီးစပ်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**



## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူးယာမယ် ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဖြစ်၍ လာမည့်စနေနေ့တွင် ကစားရမည့် အေတီကိုအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် စူပါကိုပါဖလားပွဲစဉ်နှင့် လီဂါနက်စ်အသင်းပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်သည်။
- မန်ယူအသင်းက တိုက်စစ်မှူး ဂါနာချိုကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်ဖြစ်သောကြောင့် အေတီကိုအသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- လီဗာပူးအသင်း၊ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့က စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ကူဒက်ကို ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ ဖြင့်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။
- ပခုံးဒဏ်ရာခွဲစိတ်ကုသမှုခံယူထားသည့် ဘာလိုဂန် ဒဏ်ရာခွဲစိတ်ကုသမှု အောင်မြင်ခဲ့သော်လည်း လေးလခန့် အနားယူရမည်ဖြစ်ကြောင်း မိုနာကိုအသင်းက ထုတ်ပြန်ခဲ့သည်။ ML

# Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကနပ်နှင့် တာဗာတာနာကစ်တို့အတွဲ ဆွတ်ခူး



**နေပယ် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် နေပယ်မြို့တွင်ကျင်းပခဲ့သည့် Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားကနပ်နှင့် ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်တို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်နှင့် ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ်တို့အတွဲက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကပ်ချီနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ဘာတီယာတို့အတွဲက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၅ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲသည် အမျိုးသား၊ အမျိုးသမီး တွဲဖက်ကာ အတွဲလိုက် ယှဉ်ပြိုင်ရသောပြိုင်ပွဲဖြစ်ပြီး ၅၄ ကျင်းသာ ယှဉ်ပြိုင်ခဲ့ရသည်။

တာဗာတာနာကစ်က "ပြိုင်ပွဲတစ်လျှောက်လုံး ကျွန်မအနေနဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တယ်လို့ခံစားမိပါတယ်။နှစ်ယောက်တွဲ ပြိုင်ပွဲဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှဖို့လိုတယ်။ နှစ်ယောက်စလုံး အပေးအယူမျှခဲ့တယ်လို့ ကျွန်မထင်တယ်။ ပြိုင်ပွဲက ပျော်စရာလဲကောင်းပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အထွေထွေဗဟုသုတတွေပြောရင်း ရလဒ်တွေကောင်းပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက မက်ဆီကို ခြောက်လအငှားစာချုပ်ဖြင့် အံ့အားသင့်ဖွယ်ခေါ်ယူရန်အတွက် ပြင်ဆင်

**မန်ချက်စတာ ဒီဇင်ဘာ ၁၇**

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက အသင်းအနေဖြင့် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး အသင်းကွင်းလယ်တိုက်စစ်ပိုင်းချိတ်ဆက်မှု အားနည်းချက်အဖြစ် အင်တာမီယာမီအသင်းမှ မက်ဆီကို ခြောက်လအငှားစာချုပ်ဖြင့် အံ့အားသင့်ဖွယ်ခေါ်ယူရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာလက်ထက်တွင် စံချိန်တင်အောင်မြင်မှုများ ရယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့နေရပြီး နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် နော်တင်ဟမ်အသင်း တစ်သင်းတည်းကိုသာ အနိုင်ရရှိခဲ့ပြီး ရှစ်ပွဲထိ ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုများလုပ်ဆောင်ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။



လက်ရှိ မန်စီးတီးအသင်းတွင် ကွင်းလယ်နှင့် တိုက်စစ်ချိတ်ဆက်ကစားနိုင်သည့် ကစားသမားဖြစ်သော ဒီဘရိုင်းအနေဖြင့် ခြေစွမ်းပိုင်း သိသိသာသာကျဆင်းလာခဲ့ပြီး ဂိုးဖန်တီးမှုပိုင်းနှင့် ဂိုးသွင်းယူမှုပိုင်းတို့တွင် သိသိသာသာကျဆင်းနေသကဲ့သို့ ဘာနာဒိုဆေးဗားမှာလည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် နည်းပြဂွါဒီယိုလာက အသင်းကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်း ချိတ်ဆက်မှုအပိုင်းကို အဖြေရှာရန်အတွက် ဘာစီလိုနာအသင်းတွင် လက်တွဲခဲ့ဖူးသည့် မက်ဆီကို အသင်းထံခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မက်ဆီသည် အင်တာမီယာမီအသင်းနှင့် နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော်လည်း လက်ရှိ မေဂျာလိဂ်ပြိုင်ပွဲမှာ နားထားသည့်အချိန်ဖြစ်သောကြောင့် မန်စီးတီးအသင်းက လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် မက်ဆီကို ခေါ်ယူရန်အတွက် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# လာဇီယိုကို ဂိုးပြတ်အနိုင်ရသည့် အင်တာမီလန်အသင်း ချန်ပီယံဆုကာကွယ်နိုင်ရန် နီးစပ်လာ

**ရောမ ဒီဇင်ဘာ ၁၇**

စီးရီးအေ ပွဲစဉ် (၁၆) အဖြစ် ကစားခဲ့သည့် လာဇီယိုအသင်းနှင့် အင်တာမီလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အင်တာမီလန်အသင်းက အဝေးကွင်းမှ ခြောက်ဂိုးပြတ် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် နီးစပ်လာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်သည် ခြေစွမ်းပိုင်းကောင်းမွန်သည့် အသင်းနှစ်သင်း တွေ့ဆုံနေသည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် အင်တာမီလန်အသင်းက ပင်နယ်တီမှ ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် ပွဲချိန် ၄၅ မိနစ်၊ ပွဲချိန် ၅၁ မိနစ်၊ ပွဲချိန် ၅၃ မိနစ်၊ ပွဲချိန် ၇၇ မိနစ်၊ ပွဲချိန် မိနစ် ၉၀ တို့တွင် ဂိုးများသွင်းယူနိုင်ခဲ့ကာ လာဇီယိုအသင်းက ချေပဂိုး သွင်းယူနိုင်မှုမရှိသဖြင့် ခြောက်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

လာဇီယိုကို ဂိုးပြတ်အနိုင်ရခဲ့သည့် အင်တာမီလန်အသင်းသည် အမှတ်ပေးပွဲ ၁၅ ပွဲတွင် ရမှတ် ၃၄ မှတ်ရရှိခဲ့သဖြင့် အမှတ်ပေးဇယားကိုဦးဆောင်နေသည့်အတ္တလန်တာအသင်းနှင့် တစ်ပွဲလျော့ ရမှတ်သုံးမှတ်သာ ကွာဟခဲ့ကြောင်း သိရသည်။

အမှတ်ပေးဇယား အဆင့်(၃)တွင်ရပ်တည်နေသည့် အင်တာမီလန်အသင်းသည် ပွဲစဉ်(၁၆)အပြီးတွင် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းကိုသာရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ပိုင်းက ၂၅ ဂိုးထိ သွင်းယူထားသဖြင့် ၂၀၂၄ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း သွင်းဂိုး ၄၇ ဂိုးထိ ရှိခဲ့သဖြင့် ထိပ်သီးအသင်းများတွင် စံချိန်တင်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# အာဖရိကတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို အတ္တလန်တာတိုက်စစ်မှူး လွတ်မန်းဆွတ်ခူး



**ရောမ ဒီဇင်ဘာ ၁၇**

အာဖရိက ဘောလုံးအဖွဲ့ချုပ်က ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို အတ္တလန်တာအသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့တွင် ခြေစွမ်းပြကစားခဲ့သည့် တိုက်စစ်မှူး လွတ်မန်းက ဆွတ်ခူးခဲ့သည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး လွတ်မန်းသည် အတ္တလန်တာအသင်းကို ယူရိုပါလိဂ်ဗိုလ်လုပွဲသို့ ပို့ဆောင်ခဲ့ပြီး ဗိုလ်လုပွဲတွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူ၍ နှစ်ပေါင်း ၁၁၇ နှစ်အတွင်း ဝေးကွာနေသည့် ချန်ပီယံဆုကို ရယူပေးနိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် မော်ရိုကိုကစားသမား ဟာကီမီ၊ တောင်အာဖရိကဂိုးသမား ဝီလျံ၊ ဒွေါမွန်တိုက်စစ်မှူး ဂီရက်ဆီ၊ ဘရိုက်တန်တောင်ပံကစားသမား အဒင်ဂရာတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့သည်။

အာဖရိက တစ်နှစ်တာ အကောင်းဆုံးဆုကို ကင်မရွန်းတိုက်စစ်မှူး အီတိုးနှင့် ယာယာ တိုရေးတို့က လေးကြိမ်စီဖြင့် အများဆုံးရရှိခဲ့ပြီး တိုက်စစ်မှူး လွတ်မန်းအနေဖြင့် ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# ၂၀၂၅ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲကို ဆုကြေးငွေ နှစ်ဆတိုး၍ ချီးမြှင့်သွားမည်

**ဇူးရစ် ဒီဇင်ဘာ ၁၇**

လာမည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးယူရိုပြိုင်ပွဲတွင် ဆုကြေးငွေ ယူရို ၄၁ သန်းထိ နှစ်ဆတိုးမြှင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက အတည်ပြုထုတ်ပြန်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် ယူအီးအက်ဖ်အေက ပြိုင်ပွဲဝင်ခွင့်ရသည့် အသင်းတစ်သင်းလျှင် ယူရို ၁ ဒသမ ၈ သန်းထိ ပေးအပ်ရန် ဆုံးဖြတ်ခဲ့သော်လည်း ယခုအခါ ဆုကြေးငွေ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ပြီး ဆုဖလားရရှိသည့်အသင်းသည် ယူရို ၅ ဒသမ ၁ သန်းထိ ထပ်မံရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အမျိုးသားယူရို ၂၀၂၄ ပြိုင်ပွဲတွင် ယူအီးအက်ဖ်အေက ဆုကြေးငွေ ယူရို ၃၃၁ သန်း ချီးမြှင့်ခဲ့ရာ ပြိုင်ပွဲဝင်ခွင့်ရ အသင်းတစ်သင်းအနေဖြင့် အနည်းဆုံး ယူရို ၉ ဒသမ ၂၅ သန်းထိ ရရှိခဲ့ပြီး ဆုဖလားရရှိသည့် စပိန်အသင်းက ယူရို ၂၈ ဒသမ ၂၅ သန်းရရှိခဲ့ကာ ပြိုင်ပွဲတစ်ခုလုံးတွင် စုစုပေါင်းဝင်ငွေ ၂ ဒသမ ၄ ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် လာမည့်နှစ်တွင်ကျင်းပမည့် နေးရှင်းလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို အီတလီနှင့် ဂျာမနီတို့၌ ဇူလိုင်လတွင် ကျင်းပမည်ဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲကိုလည်း အီတလီနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည်ဟု ယူအီးအက်ဖ်အေက ဆက်လက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# Brisbane International တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်တွင် ဂျိုကိုဗစ်နှင့် တွဲဖက်ကစားခွင့်ပြုရန် နစ်ခ်ကိုင်ဂျီအို့စ် တောင်းဆို

**ဘရစ္စဘိန်း ဒီဇင်ဘာ ၁၇**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပသွားမည့် Brisbane International တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ဦး တွဲဖက်ပြိုင်ပွဲတွင် ဩစတြေးလျ တင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်က ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် တွဲဖက်ကစားခွင့်ပြုရန် တောင်းဆိုလိုက်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။



ဒီဇင်ဘာ ၂၇ ရက်မှ စတင်၍ လက်ရည်စစ်ပွဲများ စတင်ကျင်းပသွားမည့် Brisbane International တင်းနစ်ပြိုင်ပွဲသည် ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲအတွက် အကြိုပြင်ဆင်ပေးသည့် အနေဖြင့် ကျင်းပသလို ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များသည်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။

ဂျိုကိုဗစ်သည် ဂရန်းစလန်း ချန်ပီယံဆုဖလားအား ၂၄ ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး နစ်ခ်ကိုင်ဂျီအို့စ်သည်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ဖူးသူ ဖြစ်သည်။

ဂျိုကိုဗစ်နှင့် တွဲဖက်ကစားချင်ကြောင်းကို Brisbane International တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့ နစ်ခ်ကိုင်ဂျီအို့စ်က တရားဝင် တောင်းဆိုထားသော်လည်း ကော်မတီဘက်က တုံ့ပြန်လာခြင်း မရှိသေးကြောင်းလည်း နစ်ခ်ကိုင်ဂျီအို့စ်က ပြောကြားခဲ့သည်။

ဂျိုကိုဗစ်နှင့် နှစ်ယောက်တွဲအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရန် တောင်းဆိုထားခြင်းနှင့်ပတ်သက်ပြီး Brisbane International တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက မည်သို့မှတ်ချက်ပြုမည်ကို မသိရသေးသည့်အတွက် နစ်ခ်ကိုင်ဂျီအို့စ်က တရားဝင်ပြောကြားလာခဲ့ခြင်းမရှိသေးဘဲ နှစ်ယောက်တွဲပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမည်ကိုသာ ပရိသတ်များကို အသိပေးသွားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# 2027 World Boxing Championships ကို ကာဇက်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိ




**အက်စ်တာနာ ဒီဇင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဖက်ဒရေးရှင်း(IBF)က ၂၀၂၇ ခုနှစ်အတွက် World Boxing Championships ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံရွေးချယ်ခဲ့ရာတွင် ကာဇက်စတန်နိုင်ငံကို အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသွားမည့် 2028 Summer Olympics မတိုင်မီ တစ်နှစ်အလိုတွင် ကျင်းပသွားမည်ဖြစ်ပြီး 2027 World Boxing Championships လက်ဝှေ့ပြိုင်ပွဲကြီးအား အကောင်းဆုံးကျင်းပနိုင်အောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်းလည်း ကာဇက်စတန် အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသလို ကမ္ဘာ့အိုလံပစ် လက်ဝှေ့ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဟောင်း ဂိုလော့ဗ်ကင်က ပြောကြားခဲ့သည်။၎င်းအနေဖြင့် 2027 World Boxing Championships ကို ကာဇက်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိအောင် အဓိက ကြိုးပမ်းခဲ့သည့်သူလည်း ဖြစ်သည်။

ဂိုလော့ဗ်ကင်က “2027 World Boxing Championships လက်ဝှေ့ပြိုင်ပွဲကို ကာဇက်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမှာကို အရမ်းဝမ်းသာဂုဏ်ယူမိပါတယ်။ နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲမကျင်းပမီ တစ်နှစ်အလိုမှာ ကျင်းပသွားမယ့် ပြိုင်ပွဲဖြစ်တဲ့အတွက် အိမ်ရှင်အနေနဲ့ ပိုပြီးတော့ တောင် သတိထားပြီး စီစဉ်သွားပါမယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ချဲလ်ဆီးအသင်း တောင်ပံကစားသမား မူဒရစ် ဒုတိယအကြိမ် တားမြစ်ဆေးသုံးစွဲမှု စစ်ဆေးချက်မအောင်မြင်ခဲ့ပါက ကာလရှည်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်

**လန်ဒန် ဒီဇင်ဘာ ၁၇**

ချဲလ်ဆီးအသင်း တောင်ပံကစားသမား မူဒရစ်အနေဖြင့် ဒုတိယအကြိမ် တားမြစ်ဆေးသုံးစွဲမှု ရှိမရှိ စစ်ဆေးမှုပြုလုပ်ရာတွင် စစ်ဆေးမှုမအောင်မြင်ခဲ့ပါက ကာလရှည်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ မူဒရစ်သည် ပြီးခဲ့သည့် နိုဝင်ဘာလက ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် တားမြစ်ဆေးသုံးစွဲမှု ရှိ၊ မရှိနှင့် ပတ်သက်ပြီး စစ်ဆေးမှုများ ခံယူခဲ့ရာတွင် စစ်ဆေးမှုမအောင်မြင်ခဲ့ဘဲ တားမြစ်ဆေးသုံးစွဲထားကြောင်း Positive လက္ခဏာပြသနေကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ထားခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး မူဒရစ်အနေဖြင့် တားမြစ်ဆေးသုံးစွဲခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသော်လည်း ဒုတိယအကြိမ် စစ်ဆေးမှုများ ဆက်လက်ခံယူထားရပြီး ဒုတိယအကြိမ်တွင်လည်း Positive လက္ခဏာပြသနေမည်ဆိုပါက ကာလရှည်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည့်အရေးနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က မူဒရစ်အနေဖြင့် တားမြစ်ဆေးသုံးစွဲမှု မအောင်မြင်ခဲ့ကြောင်း ချဲလ်ဆီးအသင်းထံ အကြောင်းကြားထားပြီး ချဲလ်ဆီးအသင်းဘက်ကလည်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်နှင့် အပြည့်အဝ ပူးပေါင်းသွားမည်ဟု ထုတ်ပြန်ထားရာ ဒုတိယအကြိမ်စစ်ဆေးမှုမအောင်မြင်ခဲ့ပါက မူဒရစ်အနေဖြင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ဖြစ်သည့် လေးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မူဒရစ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက ရှက်တာဒိုးနက်အသင်းမှ ချဲလ်ဆီးအသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ချဲလ်ဆီးအသင်းတွင် ပုံမှန်ခြေစွမ်း ပြသနိုင်ခြင်းမရှိခဲ့ဘဲ ရုန်းကန်နေရသူဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဂျပန်နိုင်ငံ၏ အထီးကျန်သေဆုံးမှုပြဿနာ

ဒေါက်တာလွှမ်းမိုးဟန်

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဂျပန်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်စုအကြာက ကွယ်လွန်ခဲ့သည့် အမျိုးသမီးတစ်ဦး၏ အရိုးစုကို ရှာဖွေတွေ့ရှိခဲ့သည့်သတင်းမှာ တစ်နိုင်ငံလုံး ဟိုးလေးတကျော်ဖြစ်ခဲ့သည်။ ကျိုတိုမြို့ပေါ်က လူမနေတော့သည့် တိုက်ကြီးတစ်လုံးကို သန့်ရှင်းရေးကုမ္ပဏီတစ်ခုက ပြန်လည်သန့်ရှင်းရေးလုပ်ခဲ့သည်။ သန့်ရှင်းရေးလုပ်နေစဉ် တိုက်ခန်းတစ်ခန်း၏ အဝတ်ပုံများကြားထဲတွင် ၎င်းအမျိုးသမီး၏အရိုးစုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အစပိုင်းတွင် စာသင်ရာ၌သုံးသည့် လူအရိုးစုအရုပ်ကြီးဟု သန့်ရှင်းရေးသမားများက ထင်ခဲ့သည်။ အမှန်တွင် ၎င်းအရိုးစုပိုင်ရှင်သည် လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ထိုအခန်းထဲတွင် အမှန်တကယ်နေထိုင်ခဲ့သူ အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။ မိသားစုက ထိုအမျိုးသမီးပျောက်ဆုံးနေကြောင်း လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက ကြေညာထားခဲ့သူတစ်ဦးဖြစ်နေလေသည်။

ထိုအမျိုးသမီးကြီးဖြစ်စဉ်က ဂျပန်နိုင်ငံတွင် အထူးအဆန်းမဟုတ်ပေ။ တစ်နှစ်လျှင် ဂျပန်လူမျိုး သောင်းနှင့်ချီပြီး အထီးကျန်သေဆုံးမှုနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်းမှာပင် ဂျပန်လူမျိုး ၄၀၀၀၀ ခန့်မှာ ဂျပန်လို Kodokushi ဟုခေါ်ဝေါ်ကြသော အထီးကျန်သေဆုံးမှုဖြင့် အနားတွင် မည်သူမှမရှိဘဲ ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ ထိုအထဲတွင် အတော်များများမှာ သေဆုံးပြီး လနှင့်ချီကြာမှ ကွယ်လွန်နေမှန်းသိရှိကြရခြင်းဖြစ်သည်။ ဂျပန်အမျိုးသားရဲတပ်ဖွဲ့က ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် ၂၀၂၄ ခုနှစ် ပထမခြောက်လပတ်အတွင်း ဂျပန်လူမျိုး ၃၇၂၂၇ ဦးသည် တစ်ဦးတည်း သေဆုံးနေကြောင်း၊ ၎င်းတို့နေထိုင်သည့်တိုက်ခန်းတွင် အလောင်းကို ရှာဖွေတွေ့ရှိရကြောင်း ဖော်ပြထားသည်။ ထိုအထဲမှ ၄၀ ရာခိုင်နှုန်းသည် သေဆုံးပြီး ၂၄ နာရီအတွင်း တွေ့ရှိခဲ့ရပြီး လူဦးရေ ၄၀၀၀ ခန့်မှာ ကွယ်လွန်ပြီး တစ်လကျော်မှ အလောင်းကို တွေ့ရှိကြရခြင်းဖြစ်သည်။ ကွယ်လွန်ပြီး တစ်နှစ်အကြာမှ ရုပ်အလောင်းတွေ့ရှိရသူ ဦးရေ ၁၃၀ ဖြစ်သည်။

ဂျပန်အမျိုးသားရဲတပ်ဖွဲ့၏ထုတ်ပြန်မှုတွင် ဂျပန်နိုင်ငံ၏ ဆယ်စုနှစ် နှစ်စုကျော်မျှ ခြောက်လှန့်နေသည့် အရိပ်မည်းကြီးတစ်ခုကို မီးမောင်းထိုးပြလိုက်သကဲ့သို့ဖြစ်သွားသည်။ ဂျပန်နိုင်ငံ၏ အထီးကျန်သေဆုံးမှုပြဿနာသည် လူသားတို့ ရွှေ့ပြောင်းနေထိုင်မှုပုံစံ၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုစီးပွားအခြေခံအချက်အလက်များအရ ပေါ်ပေါက်လာခဲ့သည့် လူမှုဖြစ်စဉ်ကြီးတစ်ခုလည်းဖြစ်သည်။ အထီးကျန်သေဆုံးမှုဟူသည့် အသုံးအနှုန်းသည် ၁၉၉၅ ခုနှစ် ဟန်ရှင်းငလျင်ကြီးအပြီး စတင်ခေတ်စားလာခဲ့သည့် အသုံးအနှုန်းတစ်ခုဖြစ်သည်။ ထိုငလျင်ကြီးနောက်ပိုင်း ဂျပန်နိုင်ငံမှ သက်ကြီးရွယ်အိုများသည် ယာယီနားခိုရာနေရာများသို့ ရွှေ့ပြောင်းခဲ့ကြပြီး ကိုယ့်အားကိုယ်ကိုး၍ ဘဝ၏ နောက်ဆုံးအချိန်ကို ဖြတ်သန်းကြရသည့် ယဉ်ကျေးမှုတစ်ခုဖြစ်ထွန်းလာခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ယိုကိုဟားမားမြို့တော်တွင် အိမ်ယာမဲ့နှင့် အလုပ်လက်မဲ့လူတန်းစားများအတွက် ငါးစတုရန်းမီတာအကျယ်မျှသာရှိသည့် လူတစ်ဦးစာအိမ်ခန်းလေးများကို ဂျပန်လူမှုဖူလုံရေးဌာနအစီအစဉ်ဖြင့် ဖော်ထုတ်နေရာချပေးခဲ့သည်။ အိမ်ယာမဲ့နှင့် အလုပ်လက်မဲ့လူတန်းစားများထဲတွင် သက်ကြီးရွယ်အိုက အများဆုံးဖြစ်သည့်အတွက် ထိုအခန်းကျဉ်းလေးများထဲတွင် တစ်ဦးတည်းနေပြီး တစ်ဦးတည်းသေဆုံးကြရသည့်ဖြစ်ရပ်များ စတင်ပေါ်ပေါ်လာခဲ့သည်။

အထီးကျန်သေဆုံးမှုပြဿနာကို သတိထားလာမိကြသော်လည်း ဂျပန်နိုင်ငံ၏ စည်ပင်သာယာဌာနများအနေဖြင့် စနစ်တကျစစ်တမ်းကောက်ခံမှု အားနည်းခဲ့သည်။ ၂၀၁၁ ခုနှစ်ထိ ဂျပန်နိုင်ငံစည်ပင်သာယာအဖွဲ့များ၏ ၇၀ ရာခိုင်နှုန်းမှာ အထီးကျန်သေဆုံးမှုစာရင်းများကို ကောက်ယူခဲ့ခြင်းမရှိသေးကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ်တွင် တိုကျိုမြို့တော်အာဏာပိုင်အဖွဲ့၊ ကျန်းမာရေးဌာနမှ တိုကျိုမြို့တော်၏ ရပ်ကွက် ၂၃ ခုအတွင်း အသက် ၆၅ နှစ်နှင့်အထက် အထီးကျန်သေဆုံးမှုပေါင်း ၄၂၀၇ ဦး ရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ထိုစာရင်းအရ ၂၀၁၅ ခုနှစ်က အထီးကျန်သေဆုံးမှုများထက် ၁ ဒသမ ၃၅ ဆ ပိုမိုများပြားလာခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းရောက်မှသာလျှင် ဂျပန်အမျိုးသားရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် အမျိုးသားအဆင့်အထီးကျန်သေဆုံးမှုများစာရင်းကို စနစ်တကျကောက်ခံမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သို့သော် အားနည်းချက်များရှိနေသည်က ဂျပန်နိုင်ငံတွင် တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်ထားသည့် သင်္ဂြိုဟ်စနစ်မရှိ။ အထီးကျန်သေဆုံးမှုမှန်ကန်ခြင်း ရှိ၊ မရှိ ရဲတပ်ဖွဲ့က ဆုံးဖြတ်နေရသည်။ ရဲတပ်ဖွဲ့ဝင်တိုင်းက ဥပဒေရေးရာဆေးပညာကို တတ်ကျွမ်းသူများမဟုတ်၍ အထီးကျန်သေဆုံးမှုဟုအမည်တပ်ရာတွင် အမှားအယွင်းနှင့် ဘက်လိုက်မှုများဖြစ်လာနိုင်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး အကူအညီပေးနိုင်မည့် နားလည်တတ်ကျွမ်းသည့်ပညာရှင်များ လိုအပ်နေသည်။

အထီးကျန်သေဆုံးမှုပြဿနာများ၏ နောက်ခံအကြောင်းရင်းမှာ ဂျပန်နိုင်ငံတွင် တစ်ဦးတည်းနေကြသူများ များပြားလာခြင်းကြောင့်ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ဂျပန်လူမျိုးများ၏ နေအိမ် ၃၈ ရာခိုင်နှုန်းသည် တစ်ဦးတည်းနေထိုင်ကြသည့် နေအိမ်များဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် ဂျပန်နေအိမ်များ၏ ၄၄ ဒသမ ၃ ရာခိုင်နှုန်းသည် မိသားစုမရှိ တစ်ဦးတည်းနေထိုင်ကြသည့် နေအိမ်များဖြစ်မည်ဟု ဂျပန်နိုင်ငံအမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေးသုတေသနဌာနက ခန့်မှန်းထားသည်။ ဒုတိယအကြောင်းရင်းတစ်ခုမှာ ဂျပန်နိုင်ငံတွင် အိမ်ထောင်ပြုသူဦးရေ အလွန်အမင်းကျဆင်းနေသည်။ တစ်ဖက်တွင်လည်း လူငယ်များကြား အိမ်ထောင်ကွာရှင်းမှုများကအလွန်များသည်။ အသက်ကြီးပိုင်းစုံတွဲများပင်လျှင် ကွာရှင်းမှုများလာသည်ဟုဆိုသည်။ မပြိုကွဲသည့်အိမ်ထောင်များမှာမူ သားသမီးမယူကြ။ သည်လိုနှင့်တစ်ဦးတည်းနေသည့် ဂျပန်လူမျိုးများ များပြားလာခြင်းဟု သုံးသပ်ကြသည်။

နောက်ထပ်အရေးကြီးဆုံး အချက်တစ်ချက်ရှိသေးသည်။ ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အို ဦးရေ တစ်စတစ်စများလာခြင်းကလည်း အထီးကျန်သေဆုံးမှုများ၏ အရေးအကြီးဆုံးအကြောင်းတစ်ချက်ဟု ဆိုသည်။ ၂၀၅၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို ၁၀ ဒသမ ၈ သန်းသည် တစ်ဦးတည်းနေထိုင်နေကြမည်ဟု ဆိုသည်။ ထိုတစ်ဦးတည်းနေမည့် အိမ်အလုံးရေမှာ ဂျပန်တစ်နိုင်ငံလုံးမှအိမ်များ၏ ၂၀ ဒသမ ၆ ရာခိုင်နှုန်းရှိနေမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် အထီးကျန်သေဆုံးမှုများမှာ ပိုပြီးများလာရန်သာ ရှိပေလိမ့်မည်။

၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း အထီးကျန်သေဆုံးသူများ၏ ၇၆ ဒသမ ၃ ရာခိုင်နှုန်း (လူဦးရေ ၂၈၄၀၁ ဦး)သည် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများဖြစ်ကြသည်။ ဂျပန်သက်ကြီးရွယ်အိုများသည် ၎င်းတို့၏မိသားစုနှင့် တစ်စတစ်စပိုမိုဝေးကွာလာသည့်အခြေအနေတွင်ရှိသည်။ လူငယ်သားသမီးများက အလုပ်အကိုင်အခွင့်အလမ်းပိုသည့် မြို့ကြီးများသို့ ရွှေ့ပြောင်းသွားကြပြီး အသက်ကြီးနေသည့် မိဘများက ကျေးလက်တွင် ကျန်နေခဲ့ကြသည်။ ထိုသို့ ခေတ်ကာလလိုအပ်ချက်အရ မိသားစုများ တကွဲတပြားဖြစ်နေရခြင်းသည်လည်း အထီးကျန်သေဆုံးမှုများ၏ အကြောင်းတစ်ချက်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာတွင်ရှိခဲ့ဖူးသည့် လူကြီးသူမများကို ပြုစုသည့်အလေ့အထမှာ ကွယ်ပျောက်လာပြီး ၎င်းတာဝန်ကို အစိုးရ၏လူမှုဖူလုံရေးဌာနများက ဝင်ရောက်ထမ်းဆောင်ပေးနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဂျပန်အစိုးရသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် ပြည်ပအလုပ်သမားများကို တိုး၍ဆင့်ခေါ်နေခြင်းဖြစ်သည်။ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် အလုပ်လုပ်ချင်သူပိုများလာစေရန် သင်တန်းများ အခမဲ့စီစဉ်ပေးသကဲ့သို့ လစာများများလည်းပေးထားသည်။ သို့သော်လည်း သက်ကြီးရွယ်အိုစောင့်ရှောက်မှုဝန်ထမ်းများ လိုအပ်နေသေးသည်သာဖြစ်သည်။

**❖ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာတွင်ရှိခဲ့ဖူးသည့် လူကြီးသူမများကို ပြုစုသည့်အလေ့အထမှာ ကွယ်ပျောက်လာပြီး ၎င်းတာဝန်ကို အစိုးရ၏လူမှုဖူလုံရေးဌာနများက ဝင်ရောက်ထမ်းဆောင်ပေးနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဂျပန်အစိုးရသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် ပြည်ပအလုပ်သမားများကို တိုး၍ဆင့်ခေါ်နေခြင်းဖြစ်သည်။ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် အလုပ်လုပ်ချင်သူပိုများလာစေရန် သင်တန်းများ အခမဲ့စီစဉ်ပေးသကဲ့သို့ လစာများများလည်းပေးထားသည်။ သို့သော်လည်း သက်ကြီးရွယ်အိုစောင့်ရှောက်မှုဝန်ထမ်းများ လိုအပ်နေသေးသည်သာဖြစ်သည်။ ❖**

ဂျပန်နိုင်ငံ လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ သက်ကြီးရွယ်အိုဦးရေ များပြားလာမှုပြဿနာကြောင့် အဆိုပါ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးမည့် ကျန်းမာရေးဝန်ထမ်း ဦးရေ ၅၇၀၀၀၀ လိုအပ်မည်ဟု သိရသည်။ ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုစောင့်ရှောက်မှုစနစ်အရ သက်ကြီးရွယ်အိုတစ်ဦးကို ပြည်သူ့ကျန်းမာရေးစနစ်၏ အစောင့်အရှောက်အောက်တွင် ထားရှိလိုပါက လျှောက်လွှာတင်ရသည်။ ထိုအခါ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဌာနက အမွေစားအမွေခံမိသားစုဆီ ဆက်သွယ်မည်။ လိုအပ်ချက်များ မေးမြန်းအသိပေးတောင်းဆိုခြင်းရှိမည်။ အမွေခံသားသမီးများကိုယ်တိုင်ကလည်း ချို့တဲ့သူများဖြစ်သည့်အတွက် ၎င်းအပေါ် ဖိစီးမှုများ ထပ်ကျလာမည်ကို အဘိုး၊ အဘွားများက မဖြစ်စေလိုပေ။ ထို့ကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနကိုမဆက်သွယ်ဘဲ တစ်ဦးတည်းနေထိုင်ကြသည့် သက်ကြီးရွယ်အိုများ များပြားလာခြင်းဖြစ်သည်။

ထိုသို့သောပြဿနာများမဖြစ်ပွားရစေရန် ဂျပန်လူမှုဖူလုံရေးဌာနက တာဝန်ရှိစွာအိုမင်းခြင်း(Responsible ageing) အမည်ရသည့် အယူအဆကို မိတ်ဆက်ပေးနေသည်။ သက်ကြီးရွယ်အိုများအတွက် မိသားစုအပေါ် မှီခိုခြင်းမပြုဘဲ မိမိ၏ကျန်းမာရေးကိစ္စအဝဝကို လူမှုဖူလုံရေးဌာနနှင့်ဆက်သွယ်ပြီး သေဆုံးသည့်အချိန်ထိ ကိုယ့်တာဝန်ကိုယ်ယူတတ်ကြရန် အားပေးသည့်သဘောဖြစ်သည်။

၂၀၀၇ ခုနှစ်မှစတင်၍ ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး အထီးကျန်သေဆုံးမှုပြဿနာကို လျှော့ချနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းအစီအစဉ်အရ သက်ကြီးရွယ်အိုများကို ဒေသအလိုက် ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်းများ စတင်ပြုလုပ်ခဲ့ကြသည်။ Mimamori ဟု အမည်ရသည့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုစီမံချက်ဖြင့် စေတနာ့ဝန်ထမ်းများက အဘိုး၊ အဘွားများ တစ်ဦးချင်းစီနေထိုင်နေသည့်အိမ်များသို့သွားရောက်၍ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခဲ့ကြသည်။

သို့သော်လည်း ဂျပန်နိုင်ငံ၏ လူမှုရေးရာနောက်ခံပြဿနာများမှာ ကြီးကြီးမားမားရှိနေသည်။ မကြာသေးမီက ထုတ်ပြန်သည့် ဂျပန်အစိုးရ၏ စစ်တမ်းတစ်ခုတွင် ဂျပန်နိုင်ငံသားများ၏ ၄၀ ရာခိုင်နှုန်းသည် အထီးကျန်ဝေဒနာကို ခံစားနေရကြောင်း ဖော်ပြထားသည်။ စိတ်ကျရောဂါခံစားနေရသည်ဟု မှတ်တမ်းတင်ထားခြင်းခံရသူ ဂျပန်နိုင်ငံသားတစ်သန်းရှိနေသည်။ ထို့ကြောင့်လည်း ဂျပန်နိုင်ငံတွင် တစ်နှစ်လျှင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်သူ ဦးရေ ၂၀၀၀၀ ခန့် ရှိနေခြင်းဖြစ်သည်။

ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုအရ အထီးကျန်စွာသေဆုံးရခြင်းကို နှစ်သက်ကြသူများမဟုတ်ပါ။ သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလာကြသဖြင့် ဂျပန်လူမှုအသိုင်းအဝိုင်းတွင် တစ်ဦးတည်း အထီးကျန်သေဆုံးရမည်ကို စိုးရိမ်ပူပန်မှုများ ရှိလာကြပါပြီ။ သို့သော် အိမ်ထောင်ပြုမှုနည်းပါးနေသရွေ့၊ သားသမီးရင်သွေးရယူမှု နည်းပါးနေသရွေ့ ဂျပန်နိုင်ငံ၏ အထီးကျန်သေဆုံးမှုများမှာ လျော့ပါးသွားဖွယ်မရှိကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Japan's lonely deaths: a social epidemic by Megan Tatum from Lancet, Nov 2024**

# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON တွင် ဒီဇင်ဘာ ၂၅ ရက်ကစတင်၍ နှစ်သစ်ကူးဈေးပွဲတော် ကျင်းပမည်ဖြစ်




**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး) တွင် Yangon Downtown Lifestyle Shopping Festival အမည်ရှိ နှစ်သစ်ကူးဈေးပွဲတော် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ ဈေးပွဲတော်ကိုစီစဉ်ဆောင်ရွက်မည့် Dora Entertainment မှ သိရသည်။

အဆိုပါ ဈေးပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ ဒီဇင်ဘာ ၃၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး) Heritage Market ခန်းမကြီးတွင် ပြုလုပ်သွားမည်ဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေကုန်စည်မျိုးစုံတို့ကို ပြသရောင်းချမည့် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချသွားရန် စီစဉ်လျက်ရှိပြီး ပွဲတော်လာများအတွက် မြက်ခင်းပြင်တွင် စားသောက်တန်းကိုလည်း ထည့်သွင်းပေးသွားမည်ဟု သိရသည်။

"လာမဲ့ ဒီဇင်ဘာ ၂၅ ရက်ကနေ ၃၁ ရက်ထိ နှစ်သစ်ကူးဈေးပွဲတော်ကို ဖွင့်လှစ်ရောင်းချသွားဖို့ စီစဉ်လျက်ရှိပါတယ်။ စိတ်ပါဝင်စားတဲ့ လုပ်ငန်းရှင်တွေကိုလဲ ဖိတ်ခေါ်လျက်ရှိပြီး လျာထားတဲ့ ဆိုင်ခန်းပေါင်းကတော့ ၁၀၀ ခန့် ဖြစ်ပါတယ်။ အချိန်လိုသေးတဲ့အတွက် ဆိုင်ခန်းအရေအတွက်နဲ့ ရောင်းချပြသမဲ့ ပစ္စည်းတွေကတော့ အတိုးအလျော့ ရှိနိုင်ပါတယ်"ဟု Dora Entertainment မှ စီစဉ်သူတစ်ဦးဖြစ်သူ ဒေါ်သဇင်စိုးက ပြောပြသည်။

အဆိုပါ နှစ်သစ်ကူးဈေးပွဲတော်တွင် ပွဲတော်လာ ပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းသွားမည့်အပြင် နာမည်ကျော် အနုပညာရှင်များ၏ တေးသီချင်းဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ပွဲတော်လာ ကလေးများအတွက် Playground တွင် တိုက်ကား၊ ပျော်စိကစားကွင်း၊ ရိုလာကိုစတာ၊ ပင်လယ်ဓားပြ စသည့်ကစားနည်းများကိုလည်း ထည့်သွင်းထားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# American Smuggler ဇာတ်ကား၌ မင်းသား ဒင်းနစ်ဟေးစတတ် ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် ဒီဇင်ဘာ ၁၇**

American Smuggler အမည်ရှိ အက်ရှင်ဒရာမာဇာတ်ကားသစ်တွင် မင်းသား ဒင်းနစ်ဟေးစတတ် ပါဝင် သရုပ်ဆောင်ထားကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

American Smuggler ဇာတ်ကားတွင် အမေရိကန်မူးယစ်ကုန်သည် ခရိုတ်ပက်တီအား ရှာဖွေဖမ်းဆီးခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင်ဒင်းနစ်ဟေးစတတ်သည် ခရိုတ်ပက်တီကို ရှာဖွေဖမ်းဆီးရာတွင် ပါဝင်ခဲ့ရသည့် စီအိုင်အေ ထောက်လှမ်းရေးသမားတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

American Smuggler ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကိုဂျီစတီဗင်ဆာလိုင်းက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် American Smuggler ဇာတ်ကား ရိုက်ကူးမည့် ဒါရိုက်တာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် ၃၀ ကျော် ပါဝင်သည့် Myanmar Countdown 2025 ပွဲတော်ကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပသွားမည်ဟု အဆိုတော်ဟဲလေးပြော

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တေးသံရှင် ၃၀ ကျော် ပါဝင်သည့် Myanmar Countdown 2025 ပွဲတော်ကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု အဆိုတော်ဟဲလေးက ပြောပြသည်။

အဆိုပါ Myanmar Countdown 2025 ပွဲတော်ကြီးကို ဒီဇင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ ယင်းကဲ့သို့ သုံးရက်ကြာ ကျင်းပပြုလုပ်မည့် Myanmar Countdown ပွဲကြီးကို ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၁/၂) မှာ သုံးရက်ကျင်းပသွားမှာပါ။ အဆိုတော်တွေ စုံစုံလင်လင် လာကြမှာပါ။ ဝင်ကြေးအခမဲ့ဆိုတော့ ကျွန်တော်တို့ ငယ်ငယ်က အားကစားကွင်းထဲမှာ လုပ်ခဲ့တဲ့ စတိတ်ရှိုး ညတွေကို ပြန်သတိရမိပါတယ်။ ပရိသတ်တွေ အများကြီးနဲ့ အပြီဟဲမှာမို့ လာခဲ့ကြပါအုံး" ဟု တေးသံရှင် ဟဲလေးက ပြောပြသည်။




နေပြည်တော်တွင် ပြုလုပ်မည့် Myanmar Countdown 2025 ပွဲတော်ကြီးတွင် တေးသံရှင် လွှမ်းပိုင်၊ ထက်ယံ၊ Examplez၊ Double J၊ Team 143၊ ဖြိုးပြည့်စုံ၊ Jewel၊ နေမင်းအိမ်၊ ဝေလ၊ ဘိုဖြူ၊ ဟဲလေး၊ ရဲရင့်အောင်၊ နော်နော်၊ သိန်းလင်းစိုး၊ အောင်ထက်၊ Jason Ace၊ မဟော်၊ ချစ်ကောင်း၊ project K၊ Awasome Boyz၊ Bobby Soxer၊ ပုံရိပ်၊ J Fire၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ အိုင်းရင်းဇင်မာမြင့်၊ ယွန်းမြတ်သူ၊ ရတနာမိုင်၊ အစ္စဏီ၊ ချမ်းမြေ့မောင်ချို တို့ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# မာဗယ်၏ Avengers: Doomsday ၌ မင်းသမီး ဟာလေအတ်ဝဲ ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၁၇**

မာဗယ်စတူဒီယို၏ Avengers: Doomsday ဇာတ်ကားသစ်တွင် မင်းသမီး ဟာလေအတ်ဝဲ ပြန်လည် ပါဝင်လာကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Advengers: Doomsday ဇာတ်ကားတွင် ဟာလေအတ်ဝဲသည် ယခင် Advengers ဇာတ်ကားများ၌ ထောက်လှမ်းရေးသမား ကာတာ ဇာတ်ကောင်နေရာကိုပင် ပြန်လည်ရယူဖွယ်ရှိကြောင်း သိရသည်။

Avengers:Doomsday တွင် ဟာလေအတ်ဝဲသည် မင်းသား ခရစ်အီဗန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အန်တိုနီရပ်ဆိုးနှင့် ဂျိုးရပ်ဆိုးတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Avengers: Doomsday ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။

သို့ရာတွင် ၎င်းဇာတ်ကားကို ၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ဝိုင်းစုခိုင်သိန်း၏ အချစ်ဦးပုံပြင် တေးဂီတဖျော်ဖြေပွဲကို Transporter စားသောက်ဆိုင်တွင် ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ အချစ်ဦးပုံပြင် တေးဂီတဖျော်ဖြေပွဲကို Transporter စားသောက်ဆိုင်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအချစ်ဦးပုံပြင် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter တွင် ဒီဇင်ဘာ ၁၈ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ကာ တေးသံရှင် ဝိုင်းစုခိုင်သိန်းနှင့်အတူ Transporter ၏ ပင်တိုင်တေးသံရှင်များဖြစ်သည့် ဂျူလီ၊ ရာဇာ၊ ရိုဘင်၊ သဥ္ဇာရဲဝင်း တို့ကလည်း အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အချစ်ဦးဆိုတာ သေတဲ့ထိ မမေ့ဘူး မဟုတ်လား။ အတိတ်ကကိုယ့်ရဲ့အချစ်ဦးကို ပြန်လည်တမ်းတ လွမ်းဆွေးရမယ့် အမှတ်တရ ညလေးတစ်ညကို ပြန်လွမ်းဖို့ အခုလာမဲ့ Transporter ကိုသာ အရောက်လာခဲ့နော်"ဟု အဆိုတော် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Transporter Music Band တေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်ကာ အဆိုပါ အချစ်ဦးပုံပြင် တေးဂီတဖျော်ဖြေပွဲကို Transporter တွင် ဒီဇင်ဘာ ၁၈ ရက်ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Kyunhla Township achieves 523 acres of sunflower cultivation for 2024-2025 winter season, targeting over 1,000 acres


A thriving sunflower plantation.

**Kyunhla December 17**

In Kanbalu District, Kyunhla Township, Sagaing Region, it has been reported that 523 acres of sunflower crops have already been planted during this year's winter crop season, according to the records of the Kyunhla Township Agriculture Department.

For the 2024-2025 winter crop season, it was planned to cultivate 1,236 acres of sunflower in Kyunhla Township. Planting began in October this year, and as of today, 523 acres have been successfully cultivated.

"This year, Kyunhla Township has planned to cultivate over 1,000 acres of sunflowers during the winter crop season. To date, 523 acres have been planted. Efforts are ongoing to achieve the planned acreage. To reduce imports of palm oil, efforts are being made to expand the cultivation of oilseed crops like sunflower. Among oilseed crops, sunflower yields more oil per acre compared to other crops like sesame and peanuts. Therefore, sunflower is primarily grown during the winter season rather than the monsoon season," said Daw Myint Myint Yi, the head of the Kyunhla Township Agriculture Department.

To promote the expansion of sunflower cultivation in Kyunhla Township, the township agriculture department is conducting intensive training programs to enhance the skills of both staff and farmers. These programs aim to increase the capacity and efficiency of sunflower farmers.

This year, initiatives have been put in place to support sunflower farmers in Kyunhla Township by providing seeds, selling fertilizers like urea at affordable prices, and promoting seed exchange systems among farmers for newly developed sunflower varieties. 206

# Sagaing Township successfully harvests 9,427 acres of groundnuts with high yield during monsoon season

**Sagaing December 17**

In Sagaing District, Sagaing Region, it has been reported that 9,427 acres of groundnuts planted during this year's monsoon crop season in Sagaing Township have been harvested, according to records from the Sagaing Township Agriculture Department.

During this year's monsoon crop season, Sagaing Township successfully cultivated 9,427 acres of groundnuts. The harvesting of these crops, which began in August, has now been completed, yielding an average of 48.36 baskets per acre.

"This year, Sagaing Township managed to plant 9,427 acres of groundnuts during the monsoon season, and as of now, the entire cultivated area has been harvested. The yield is satisfactory, and we were able to exceed the initially planned acreage. Groundnut production, as an oil crop, has been quite successful and continues to improve year by year," said U Myo Thant Aung, the head of the Sagaing Township Agriculture Department.

Groundnut cultivation in Sagaing Township typically requires 1.5 baskets of seeds per acre, with an investment of over 200,000 MMK per acre, including costs for seeds, labor, fertilizers, and pesticides. The yield per acre averages over 40 baskets.

This year, to ensure the success of groundnut crops in Sagaing Township, the Agriculture Department staff conducted field inspections to monitor for pests and diseases, as well as to ensure the fields were free of weeds. They also recorded progress and provided support to farmers, contributing to the successful harvest.

206

# Mawlaik District completes cultivation of green pea on more than 2,000 acres of croplands

**Mawlaik December 17**

According to the statistics of Mawlaik District Agriculture Department, a total of 2,271 acres of green pea has been planted on croplands in Mawlaik District of Sagaing Region.

Starting from October this year, Mawlaik Township has grown 471 acres of green pea and Phaungpyin Township 1,800 acres, totalling 2,271 acres.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department commented: "Local authorities earmarked cultivation of more than 2,000 acres of green pea in the district for production of more products of pulses and bean and ensuring sufficiency of foods. Local farmers have so far planted 2,271 acres of crops. Our department helps local farmers meet the target cultivation with necessary agricultural techniques. Green pea has high demand at domestic market for public consumption."

In 2024-25 cold season, Mawlaik Township earmarked cultivation of 660 acres of green pea and Phaungpyin Township, 1,935 acres, totalling 2,595 acres.

Relevant agriculture departments provide necessary quality strains of crops and agricultural techniques for local farmers to boost per-acre yield of crops.

Moreover, officials of the department help local farmers with quality strains of crops, agricultural inputs and post-harvest technology.

206

# Cyclone Chido kills 2, leaves 8,000 stranded in Malawi

**Lilongwe December 17**

The remnants of Tropical Cyclone Chido, which swept through southern Malawi on Monday, have left two people dead and 8,100 homeless, according to Charles Kalemba, commissioner for the Department of Disaster Management Affairs.

Kalemba said in a statement on Monday that preliminary reports from more than 15 councils that were affected by the cyclone indicated that two deaths occurred due to collapsing walls of houses, while nearly 1,800 houses had their roofs blown away.

The cyclone also damaged public infrastructure, including health facilities, schools, and government offices in the regions affected, including the national capital of Lilongwe.

The government, through the Department of Disaster Management Affairs, the Malawi Red Cross Society, and other agencies, has deployed standby resources for search and rescue operations.

Schools in southern Malawi, which were suspended Monday, reopened Tuesday after the authorities decided that it was safe to do so.

Cyclone Chido has since exited Malawi and is no longer a threat to Malawi, the Department of Climate Change and Meteorological Services said late Monday.

Xinhua

# German Chancellor Scholz loses confidence vote, snap elections to follow


This photo taken on Dec. 16, 2024 shows the German Bundestag in Berlin, Germany. German Chancellor Olaf Scholz lost in a vote of confidence in the Bundestag, the lower house of parliament, on Monday.

**Berlin December 17**

German Chancellor Olaf Scholz lost in a vote of confidence in the Bundestag, the lower house of parliament, on Monday.

The move would dissolve Scholz's minority coalition government and trigger a process that would lead to early federal elections.

The confidence vote saw 207 parliament members expressing confidence in Scholz, with 394 voting against him and 116 abstaining.

Such a vote has not taken place in Germany for almost two decades.

Scholz had requested the confidence vote last week, invoking Article 68 of the Basic Law, as the currently only viable way to trigger early elections. Major opposition parties have long been calling for this.

Although theoretically, Scholz could have continued in office without a majority, it would have been politically untenable as the Bundestag would have been unable to pass legislation.

Concerns had arisen that Scholz could unexpectedly win the vote. This scenario could have materialized if members of Scholz's SPD and the Greens voted in favor, while the AfD voted to support him to create chaos. Xinhua

# Shwebo Township finishes cultivation of more than 1,000 acres of cowpea this cold season


A cowpea plantation in Shwebo Township.

**Shwebo December 17**

Statistics of Shwebo Township Agriculture Department stated that a total of 1,024 acres of cowpea has been planted in Shwebo Township of Sagaing Region this cold season.

Although local authorities set a plan to grow 4,831 acres of cowpea in cold season, local farmers planted 1,024 acres of bean starting from October 2024.

U Hsan Oo, Head of Shwebo Township Agriculture Department unveiled: “Farmers grow more than 1,000 acres of cowpea against the target of more than 4,000 acres of crops in Shwebo Township this cold season. They are trying hard to meet the target cultivation with the assistance of the Township Agriculture Department. They are eager to expand sown acreage of crops. The department provided quality seeds, inputs and post-harvest technology for the local farmers to boost per-acre yield of crops.”

Farmers prefer to use Yezin-8 and Yezin-11 cowpea strains suitable for Shwebo Township. It needs to cost more than K300,000 per acre of crops.

Officials of the Township Agriculture Department help local farmers for having higher per-acre yield of crops and quality crops. So, they use quality seeds, inputs and Trichoderma for boosting per-acre yield of crops.

Sagaing Region cultivates a large sown acreage of pulses and beans across the nation. Local farmers grow beans as double and mixed crops for earning increased incomes. 206

# More than 1,000 acres of butter bean harvested in Sagaing District

**Sagaing December 17**

A total of 1,153 acres of butter bean has been harvested in Sagaing District of Sagaing Region, according to Sagaing District Agriculture Department.

Local farmers started cultivation of butter bean on 1,153 acres of land in October this year. In this regard, Sagaing Township planted 989 acres of bean and Myinmu Township 164 acres, totalling 1,153. The crop yields 14.38 baskets per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department commented: “So far, local farmers have harvested all sown acreage of butter team on 1,153 acres. They exceeded the target cultivation of crop. They prefer to grow butter bean in cold season, rather than monsoon. As butter bean fetches good prices, local farmers rely on such a bean for earning incomes for their families.”


Butter beans seen at a market.

Farmers grow butter bean as mixed crop as well as double crops in the region.

Officials of relevant township Agriculture Department help local farmers use quality seeds and agricultural techniques for boosting per-acre yield of crops. Moreover, the department raises farmer awareness for prevention of pests, systematic use of fertilizers and harvesting the crops in time. 206

# Farmers plant more than 7,000 acres of onion in Monywa Township

**Monywa December 17**

Statistics of Monywa Township Agriculture Department stated that a total of 7,655 acres of onion has been planted in Monywa Township of Sagaing Region.

In 2024-25 cold season, the local authorities earmarked cultivation of 7,350 acres of onion in the township but local farmers have so far planted 7,655 acres of onion exceeding the target cultivation.

U Soe Thet Aung, Head of Monywa Township Agriculture Department disclosed: “Our township earmarked cultivation of 7,350 acres of onion but local farmers exceeded the target cultivation of 7,655 acres more than the target. Our department creates links for local farmers to sell onion getting good prices in the market.”

The Agriculture Department helps local farmers seek market linkages for selling their crops to the market to fetch good prices. Moreover, the department disseminates techniques to local farmers to keep onion without spoiling in long run.

Farmers need to cost K1.8 million per acre for labour charge, quality strains and fertilizers. It yields 5,000 viss of onion per acre.

Onion is mostly grown in Sagaing Region, where Monywa, Yinmabin, ChaungU, Shwebo and Myinmu townships cultivate onion as cold season crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Monsoon green gram harvested in Kalay Township

**Kalay December 17**

A total of 2,222 acres of monsoon green gram has been harvested in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department.

Local farmers planted 2,700 acres of monsoon green gram in Kalay Township. So far, they have reaped 2,222 acres of monsoon green gram, yielding 13.71 baskets per acre.

U Naing Tun Lin, Head of Kalay Township Agriculture Department said: “Local farmers grew 2,700 acres of monsoon green gram, 2,222 acres of which has been harvested so far. Local farmers exceeded the target cultivation of crop. They have planned to expand sown acreage of the bean. Our department helped local farmers boost per-acre yield and use quality seeds.”

This year, officials of the Township Agriculture Department raise farmer awareness to use quality seeds, agricultural techniques, prevention of pests and systematic use of fertilziers.

Moreover, the department cooperates with local farmers for providing quality seeds, inputs and post-harvest technology for local farmers. 206


A green gram plantation in Kalay Township.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ယူကရိန်းရှိ ဆက်သွယ်ရေးစနစ်များကိုတန်ပြန်ရန် Kalinka ထောက်လှမ်းတိုက်ဖျက်ရေးစနစ် တီထွင်ထုတ်လုပ်



ရုရှားနိုင်ငံ မောင်းသူမဲ့စနစ်များနှင့် နည်းပညာဗဟိုဌာနချုပ်(CBST) သည် ယူကရိန်းရှိ Elon Musk ၏ နာမည်ကျော် Starlink ဆက်သွယ်ရေးစနစ်များကဲ့သို့ Satellite Communication (ဂြိုဟ်တုဆက်သွယ်ရေး အင်တာနက်ဝန်ဆောင်မှုစနစ်)များမှထုတ်လွှင့်သော Signals (အချက်ပြမှုလှိုင်းများ)ကို ရှာဖွေထောက်လှမ်းခြင်း၊ တည်နေရာဖော်ထုတ်ခြင်းစသည်ဖြင့် တန်ပြန်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Kalinka တန်ပြန်ထောက်လှမ်း တိုက်ဖျက်ရေးစနစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Sputnik သတင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သစ်သည် Starlink Terminals ဆက်သွယ်ရေးစက်များကို လျင်မြန်စွာ ရှာဖွေထောက်လှမ်းနိုင်ပြီး ပစ်မှတ်ထား တန်ပြန်နိုင်စွမ်းရှိကြောင်း၊ အကြောင်းမှာ ရေဒီယိုလှိုင်းများ စတင်တီထွင်အသုံးပြုလာကတည်းက ရေဒီယိုလှိုင်းအချက်ပြထုတ်လွှင့်မှုများ၏ အခြေခံမူများ ပြောင်းလဲခြင်းမရှိသည့်အတွက်ကြောင့်ဖြစ်ကြောင်း ရုရှားနိုင်ငံ မောင်းသူမဲ့စနစ်များနှင့်နည်းပညာဗဟိုဌာနချုပ်ဘုတ်အဖွဲ့ဥက္ကဋ္ဌ Andrey Bezrukov က မှတ်ချက်ပြုပြောကြားခဲ့သည်။

Kalinka စနစ်သည် လက်ရှိတွင် တိုက်ပွဲဝင် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်နေဆဲဖြစ်ပြီး အရေအတွက်အားဖြင့် အနည်းငယ် ထုတ်လုပ်ထားပြီးလည်းဖြစ်သည်။ စွမ်းဆောင်ရည်များအနေဖြင့် အကွာအဝေး ၁၅ ကီလိုမီတာအတွင်း ဒရုန်းများ၊ မောင်းသူမဲ့ရေယာဉ်များနှင့် မြေပြင်အခြေစိုက်စခန်းများမှ ထုတ်လွှင့်လိုက်သော Starlink Signals များကို ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိမည်ဖြစ်သည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ယူကရိန်းတပ်ဖွဲ့ဝင်များ အသုံးပြုလျက်ရှိသော စစ်ဘက်သုံး Starshield ဗားရှင်းအပါအဝင် Starlinkနှင့် ချိတ်ဆက်ထားသော စက်ပစ္စည်းကိရိယာများကို အတိအကျ သတ်မှတ်ဖော်ထုတ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

စစ်မြေပြင် အခြေအနေများအပေါ် မူတည်၍ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ မြင့်မားကောင်းမွန်စေရန်အတွက် ရုပ်ပြေးရေယာဉ်များ၊ လှေများနှင့် ရဟတ်ယာဉ်များတွင် ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။ ရုရှားတပ်ဖွဲ့များသည် တိုက်ပွဲဝင်အသုံးချမှုများတွင် Kalinka စနစ်ဖြင့် Starlink ဆက်သွယ်ရေးအပေါ် မှီခိုထားသောဒရုန်းများနှင့်လှေများကဲ့သို့ ကြည်း၊ ရေသုံး မောင်းသူမဲ့လေယာဉ်၊ ရေယာဉ်များကို ဖော်ထုတ်သိရှိနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Kalinka စနစ်၏ တိုက်ပွဲဝင်ထိရောက်မှုသည် မြေမျက်နှာသွင်ပြင်နှင့် လုပ်ငန်းလုပ်ဆောင်မှုဧရိယာတွင် အခြားသောအီလက်ထရွန်နစ်စနစ်များ တည်ရှိနေခြင်းအပေါ်တွင်လည်း မူတည်နေသည်။ Starlink သည် ယူကရိန်းစစ်ဘက်ဆက်သွယ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းမှု၊ ဒရုန်းပျံသန်းမှုနှင့် တန်ပြန်ဖိဖျက်နှောင့်ယှက်မှုများရှိနေသည့် စစ်ဆင်ရေးဧရိယာများတွင်ပင် ဆက်သွယ်လုပ်ဆောင်နိုင်စေသည်။ ထို့ကြောင့် Kalinka စနစ်သည် ယူကရိန်း၏ ဆက်သွယ်ရေးအခြေခံအဆောက်အအုံအပေါ် တန်ပြန်လုပ်ဆောင်နိုင်ခြင်းဖြင့် စစ်ဆင်ရေးဧရိယာများတွင် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များအတွက် အားသာချက်စွမ်းအားတစ်ရပ်ကို မဟာဗျူဟာမြောက် ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ Kalinka စနစ်များ အစုလိုက်အပြုံလိုက်ထုတ်လုပ်နိုင်ရေးမှာ ပဋိပက္ခဇုန်တွင် တိုက်ပွဲဝင်လုပ်ဆောင်နေသော ရုရှားတပ်ဖွဲ့များ၏ တောင်းဆိုမှုအပေါ်တွင် မူတည်သည်ဟု Bezrukov က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ Kalinka စနစ် ဖွံ့ဖြိုးတိုးတက်မှုသည် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခတွင် ယူကရိန်း၏ ဆက်သွယ်ရေးစနစ်များကိုတန်ပြန်ရန် ရုရှား၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာတစ်ရပ်ကို ဖော်ညွှန်းလျက်ရှိသည်။ ထိုစနစ်ကို တိုက်ပွဲဝင် ဖြန့်ကြက်လာနိုင်မှုသည် ယူကရိန်းဘက်မှ အစားထိုးဆက်သွယ်ရေးနည်းလမ်းများကိုရှာဖွေရန် သို့မဟုတ် တန်ပြန်လုပ်ဆောင်မှုများပြုလုပ်လာရန် တွန်းအားဖြစ်စေလိမ့်မည်။

**What is the New Russian Kalinka System That Threatens to Put Starlink in Ukraine Out of Commission?** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီနှင့်ဆွစ်ဇာလန်ကုမ္ပဏီတို့က ဒရုန်းများအတွက် အပြန်အလှန်လုပ်ဆောင်မှုပံ့ပိုးပေးနိုင်မည့်စနစ်ကိုတီထွင်ရန် ပူးပေါင်းလုပ်ဆောင်ခဲ့

ဂျာမနီ Rheinmetall နှင့် ဆွစ်ဇာလန် Auterion ကုမ္ပဏီတို့သည် မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများ၊ မြေပြင်နှင့် ရေတပ်သုံးစနစ်များအတွက် အပြန်အလှန်လုပ်ဆောင်နိုင်မှုကို ပံ့ပိုးပေးနိုင်မည့် ဆော့ဖ်ဝဲအခြေခံ၍ လုပ်ဆောင်ရသော Standard Operating Systems အစိတ်အပိုင်းများကို တီထွင်ထုတ်လုပ်နိုင်ရန် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းလုပ်ဆောင်မှုတွင် ဆော့ဖ်ဝဲအပါအဝင် စနစ်အစိတ်အပိုင်းများ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှုတို့ပါဝင်ကြောင်း သိရသည်။ ယူကရိန်းကဲ့သို့ ရှုပ်ထွေးသော စစ်မြေပြင်များတွင် ရှိပြီးသားစနစ် ၂၀၀ ကျော်အတွက် မတူကွဲပြားသော ကြည်း၊ ရေ၊ လေသုံး လက်နက်စနစ်များနှင့် ဆော့ဖ်ဝဲစနစ်များကို တစ်သားတည်းလည်ပတ်လုပ်ဆောင်နိုင်ရန်အတွက် စစ်ရေးလေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်ဆောင်ရွက်ရန်မှာ ငွေကုန်ကြေးကျများပြီး အချိန်များစွာ ယူရမည်ဖြစ်ကြောင်း Rheinmetall AG ကုမ္ပဏီမှ ဒစ်ဂျစ်တယ်အရာရှိချုပ် Timo Haas က ရှင်းလင်းပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ တီထွင်ဆန်းသစ်သော ချဉ်းကပ်လုပ်ဆောင်မှုဖြင့်ဆိုလျှင် အနာဂတ်တွင် အလုံးစုံစနစ်ကွန်ရက်တစ်ခုတွင် စနစ်အခြေပြုလေ့ကျင့်ခြင်းများ သို့မဟုတ် သီးခြားစနစ်များ ပေါင်းစည်းလုပ်ဆောင်ခြင်းများ လိုအပ်မည်မဟုတ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

အနာဂတ်တိုက်ပွဲနှင့် ကာကွယ်ရေးအခြေအနေများအတွက် လက်ရှိအလားအလာများသည် ဒရုန်းများအသုံးပြုမှု ပိုမိုတိုးတက်လာမည်ဟု မျှော်မှန်းထားပြီး ယခု Operating System ဆော့ဖ်ဝဲစနစ်သည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကြည်း၊ ရေ၊ လေ ဘုံလည်ပတ်မှုစနစ်များနှင့်သဟဇာတဖြစ်စေရန် ဦးစားပေး လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း Auterion ကုမ္ပဏီ CEO ဖြစ်သူ Lorenz Meier က ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ Auterion ကုမ္ပဏီသည် Autonomous Sensors များ၊ Payloads နှင့် Applications များ ပေါင်းစပ်ထားသော AuterionOS အမည်ရှိ Operating System(လုပ်ဆောင်မှုစနစ်)ဆော့ဖ်ဝဲကို တီထွင်ထားပြီးဖြစ်သည်။ Auterion OS သည် သုံးစွဲသူများကို ဒရုန်းများအားလုံး ဘုံအခြေခံအဖြစ် ပေါင်းစပ်




လုပ်ဆောင်နိုင်ရန်နှင့် မတူညီသော ထုတ်လုပ်သူ ကုမ္ပဏီများအနေဖြင့် ဘုံလုပ်ဆောင်မှုစနစ်တစ်ခုအဖြစ် ဖွဲ့စည်းလုပ်ဆောင်နိုင်စေမည်ဖြစ်သည် ဟု Meier က ရှင်းပြခဲ့သည်။ မြေပြင်သွားစက်ရုပ်များနှင့် အလိုအလျောက်လုပ်ဆောင်နိုင်သည့်စနစ်များဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်ခြင်းဖြင့် AuterionOS သည် Plug–and–Play ဖြေရှင်းချက်တစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။

ဂျာမနီအခြေစိုက် Rheinmetall ကုမ္ပဏီသည် ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် အသုံးများသော ဒရုန်းအမျိုးအစားပေါင်းများစွာ တီထွင်ထုတ်လုပ်လျက်ရှိသည်။ Luna NG (မျိုးဆက်သစ်) ဒရုန်းနှင့် Aladin ဒရုန်းစနစ်များကို ဖော်ဆောင်ရာတွင် ရရှိထားသော အတွေ့အကြုံများပေါ်အခြေခံ ၍ Auterion ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း Rheinmetall ကုမ္ပဏီက ထုတ်ပြန်ထားသည်။

**Rheinmetall, Auterion to Develop Standard Operating Systems for Drones** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မြန်အောင်မြို့နယ်တွင် ဒီဇင်ဘာလအတွင်း ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မြန်အောင် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန် လျက်ရှိကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက် သခွားသီးများ ကုန်စိမ်း ဈေးကွက်တွင် ဒီဇင်ဘာလပထမ ပတ်မှစတင်ပြီး ယနေ့ထိအရောင်း အဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် သခွားသီးအလုံးရေ ၂၅၀၀၀ မှ ၄၀၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်း အဝယ် ကောင်းမွန်လျက်ရှိ ကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ထွက်တဲ့သခွားသီးတွေကိုအခြားမြို့နယ် တွေက ဝယ်ယူအားများနေပါ တယ်။ လက်ရှိ တစ်ရက်ကို သခွားသီး အလုံးရေ ၄၀၀၀၀ ထိ အရောင်းအဝယ် ကောင်းနေပါ တယ်။ အခု အရောင်းအဝယ် ကောင်းနေတဲ့ သခွားသီးတွေက အရည်အသွေး ကောင်းပါတယ်။ မြန်အောင်မြို့နယ် ကုန်စိမ်း ဈေးကွက်က သခွားသီးတွေကို အခြားဒေသတွေက ဝယ်ယူမှုများ နေပါတယ်။ အခုလို ဒေသထွက် ကုန် သခွားသီးတွေ ဝယ်ယူမှု အားကောင်းလာတော့ ဟင်းသီး ဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူ တွေ အခွင့်အလမ်း ပိုမိုအဆင်ပြေ လာပါတယ်"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

ယခုလက်ရှိ မြန်အောင်မြို့နယ် တွင် သခွားသီးများ အပါအဝင် ဟင်းသီးဟင်းရွက်များ ထွက်နေ သည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ သခွားသီးများ ဝယ်ယူအား ကောင်းလာသည့်အတွက် ထပ်မံ တိုးချဲ့စိုက်ပျိုး ရန် ပြင်ဆင်နေပြီး၊ ဒေသထွက်ကုန်များ ရောင်းချရ သည့်အတွက် သယ်ယူစရိတ် ကုန် ကျမှုသက်သာခြင်းကြောင့်များစွာ အကျိုးကျေးဇူးများ ရှိနေကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကုန်းဆာကျေးရွာနှင့် ပန်နိမ် ကျေးရွာတို့ရှိ ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် နှင့် တိုးပွားလာသော ရန်ပုံငွေများ ဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ဆွေးနွေးပြီး ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံ ကိန်းအရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၉၀ကို လွှဲ ပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းဆာကျေးရွာနှင့် ပန်နိမ်ကျေး ရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်း များလုပ်ကိုင်သူ စုစုပေါင်း အသင်း သား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေ ကျပ်သိန်း ၃၉၀ ကို ထုတ်ချေး ပေးခဲ့ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ပြောပြ၍ သိရသည်။ **ချိုသန်းညွန့်**

# မြိတ်မြို့နယ် ကျောင်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြိတ် ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျောင်းတောင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေ ဖြင့် ကျေးရွာရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မြိတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း နှင့်ဝန်ထမ်းများက ကျေးရွာရေရရှိ ရေး ကော်မတီဝင်များနှင့်အတူ ကျောင်းတောင်ကျေးရွာ၌ ကျေး ရွာတွင်း ရေပိုက်လိုင်းသွယ်တန်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကာ ဆောင်ရွက်ပြီးစီး သောလုပ်ငန်းများ ရေရှည်တည်တံ့ စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြိတ်မြို့နယ် ကျောင်းတောင် ကျေးရွာ၌ အရှည်ပေ ၅၀၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ် တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၉၃၉ သန်းဖြင့် မြိတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၂၂ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ရာနှုန်း ပြည့်ပြီးစီးပြီ ဖြစ်သောကြောင့် ကျောင်းတောင်ကျေးရွာ အိမ်ခြေ ၅၀ ရှိ လူဦးရေ ၂၇၈ ဦးနှင့် ကျွဲ၊ နွားများအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည် ဖြစ်ကြောင်း သိရသည်။ **ချိုလေး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများ ဆက်လက်ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် ၃၅ နှစ်အောက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးအသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်ကို နေပြည်တော်ရှိ ရွှေကြာပင်အားကစားကွင်း၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊နည်းပြ၊အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။





ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခုံသမာဓိဆပ်ကော်မတီမှ ဦးထွန်းလှအောင်နှင့် ဦးဘန်နီတင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အားကစားသမားများကိုလည်းကောင်း၊ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီးအသက် ၃၀ နှစ်အောက် အလေးမပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းအလေးမအားကစားရုံ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမျိုးသမီး ၅၉ ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး ၆၄ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသား ၇၃ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၈၁ ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အမျိုးသား ၈၉ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၉၆ ကီလိုတန်းအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ်အောက် စားပွဲတင် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ၊မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲတစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး အမျိုးသားပိုက်ကျော်ခြင်းသုံးယောက်တွဲပြိုင်ပွဲတတိယလုပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိကာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက တတိယဆုရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး သုံးဂိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးကရာတေးပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ကာရာတေးရုံ၌ကျင်းပရာ အမျိုးသား ကီလို ၆၀ အောက် "ကုမိတဲ့"ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ အောင်ဇာနည်မင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇင်မင်းမြတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းဇော်ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ အောင်ချမ်းသာတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊အမျိုးသား ၆၇ ကီလိုအောက် "ကုမိတဲ့"ပြိုင်ပွဲ၊ ရှမ်းပြည်နယ်မှ ကျော်ဇင်ဝင်းထွဋ်က ပထမ၊ ကယားပြည်နယ်မှ သိန်းထိုက်ဇော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ထွန်းနှင့် ရခိုင်ပြည်နယ်မှ မြတ်သန်းထိုက်တို့က ပူးတွဲ





တတိယဆုကိုလည်းကောင်း၊ အမျိုးသား ၇၅ ကီလိုအောက် "ကုမိတဲ့"ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သက်ပိုင်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇေယျာထူးထူးက ဒုတိယ၊ ရှမ်းပြည်နယ်မှ သီဟလင်းဟိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်းလွင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊









အမျိုးသမီး ကီလို ၅၀ အောက် "ကုမိတဲ့" ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ အိမ့်ခြူးမောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြူဖြူဝင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ဟန်သီရိအောင်တို့က ပူးတွဲတတိယဆုကိုလည်း ကောင်း၊ အမျိုးသမီး ၅၅ ကီလိုအောက် "ကုမိတဲ့"ပြိုင်ပွဲတွင် ကယားပြည်နယ်မှ သင်းသင်းယုအောင်က ပထမ၊ ရခိုင်ပြည်နယ်မှ စိုးစိုးစံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဘောဘီနှင့် ပဲခူးတိုင်းဒေသကြီးမှ လင်းလင်းထက်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C )ရုံ၌ကျင်းပရာ အမျိုးသမီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးဘိလိယက်နှင့် စနူကာပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးကို သုံးပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးကို သုံးပွဲ တစ်ပွဲ၊ စနူကာ 15 – RED တစ်ဦးချင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မျိုးသူရအောင်က မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်ကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးက ရန်ကုန်တိုင်းဒေသကြီးကို သုံးပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ စနူကာ 15 – RED နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘော်လုံးပြိုင်ပွဲတတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကိုဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)နှင့် ရွှေကြာပင်အားကစားကွင်းတို့၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်၊ အမျိုးသမီးအသင်းလိုက် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တင်းနစ်ကွင်း၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲအမျိုးသား ၈၉ ကီလိုတန်း ဗိုလ်လုပွဲစဉ်နှင့် အမျိုးသမီး ၆၄ ကီလိုတန်း ဗိုလ်လုပွဲစဉ်တို့ကို အလေးမရုံ၌လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးဝူရှူးပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ ထောက်လုပြိုင်ပွဲ အမျိုးသား၊အမျိုးသမီး သောင်းစုပွဲစဉ်၊ အမျိုးသား၊အမျိုးသမီးကျန့်စုပွဲစဉ်၊ အမျိုးသား၊ အမျိုးသမီး နန်းသောင်းပွဲစဉ်၊ ဆန်းဆိုပြိုင်ပွဲ အမျိုးသား ၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းပွဲစဉ်များ၊ အမျိုးသမီး ၄၅၊ ၄၈၊၅၂၊ ၅၆၊ ၆၀ ကီလိုတန်း ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ထောက်လုပြိုင်ပွဲ အမျိုးသားထိုက်ချီကျန့်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ မင်းသုတက ပထမ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးထိုက်ချီကျန့်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်းရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency–CIDCA)၏ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (the Third China–Indian Ocean Region Forum on Blue Economy Development Cooperation)သို့ တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H. E. Mr. Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding between the Ministry of Investment and Foreign Economic Relations of Myanmar and China International Development Cooperation Agency on Promoting the Project of Photovoltaic Power Plants)ကို ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(CIDCA) ဥက္ကဋ္ဌတို့အကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အစိုးရ-ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဆွေးနွေးပွဲ (International Government–Business Dialogue)သို့ တက်ရောက်ရာ ဆွေးနွေးပွဲတွင် သမုဒ္ဒရာဆိုင်ရာ အခြေခံအဆောက်အအုံချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ အပြာရောင်စီးပွားရေးအတွက် ဒစ်ဂျစ်တယ်ကဏ္ဍမြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဖြင့် အဏ္ဏဝါခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဖိုရမ်သို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးအပါအဝင် နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ရုံ ဦးဆောင်သည့် တရုတ်နိုင်ငံအစိုးရ အဆင့်မြင့်ကိုယ်စားလှယ်များအကြား တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ အပြာရောင် အိန္ဒိယသမုဒ္ဒရာ၏ အနာဂတ်အလားအလာ-ကမ္ဘာ့တောင်ခြမ်း၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လက်တွေ့လုပ်ငန်း (Future of the Blue Indian Ocean – Development Practice of the Global South) ခေါင်းစဉ်ဖြင့် ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော အဆင့်မြင့်ကိုယ်စားလှယ်များ၊ အိန္ဒိယသမုဒ္ဒရာ နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၂၄ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်နှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ သမုဒ္ဒရာဆယ်စုနှစ်(The Ocean Decade of United Nations in the Context of Global Development Initiative) ခေါင်းစဉ်ဖြင့် ကျင်းပသည့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမုဒ္ဒရာ ရာသီဥတုအပြောင်းအလဲဆိုင်ရာအုပ်ချုပ်မှုကို မြှင့်တင်ပေးခြင်းနှင့် ပါရီသဘောတူညီချက် အကောင်အထည်ဖော်ရေးတွင် ပါဝင်ကူညီပေးခြင်း(Promoting Ocean Climate Change Governance and Contributing to the Implementation of the Paris Agreement) ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အရပ်ဘက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ပြည်နယ် ကလေးသူငယ်ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ မသန်စွမ်းကလေးသူငယ်များ၊ အမှုရင်ဆိုင်ဆဲ ရီမန်ကလေးသူငယ်များနှင့် တရားရုံးအသီးသီးတွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း စုစုပေါင်း ၁၄ ကျောင်းကို ဖွင့်လှစ်ထားရှိပြီး ကလေးသူငယ်ဦးရေ ၂၆၅၀ ကို အတန်းပညာ၊ ကျောင်းပြင်ပ ပညာရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ ကောင်းမွန်သော အလေ့အကျင့်ကောင်းများနှင့် Life Skill တို့ကို သင်ကြားပေးပြီး ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးသူငယ်များ၏ ပြဿနာများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန်အတွက်လည်း လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Case Management Information System–CMIS)ကို အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းသည့် ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေနှင့်ငြိစွန်းသည့်ဖြစ်ရပ် ၆၉၉၀၊ ဥပဒေနှင့် မငြိစွန်းသည့်ဖြစ်ရပ် ၉၇၄ ခု စုစုပေါင်း ၇၉၆၄ ခုကို စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြခြင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ (မူကြမ်း)များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်များက အထွေထွေဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မသုံးထပ်ဆောင်တည်ဆောက်နေမှုအခြေအနေများ၊ တည်ဆောက်ရေးကုမ္ပဏီတာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စနစ်တကျစီမံချက်ရေးဆွဲပြီးလုပ်ဆောင်ကြရန်၊လက်တွေ့ခန်းများကို သင်ရိုးညွှန်းတမ်းနှင့်အညီ ဖြည့်ဆည်း၍ ကျောင်းသား၊ကျောင်းသူများစနစ်တကျလေ့လာသင်ယူနိုင်သော သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် အဆောက်အအုံရှိ အခန်းများဖွဲ့စည်းထားရှိမှုအခြေအနေများ၊ တည်ဆောက်ရေးလုပ်ငန်းခွင်၊ အားကစားကွင်း၊ ဘောလုံးကွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့နယ်နှင့်လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာကွင်းအမှတ်(၁၇၂၁)အတွင်း တောင်သူဦးစန်းလွင်၏ရေကြီးနစ်မြုပ်လယ်ယာမြေပေါ်တွင် ဆောင်းသီးနှံမတ်ပဲငါးဧကစိုက်ခင်းအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများပက်ဖျန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအားသွင်းအားစုရွက်ဖျန်းမြေဩဇာရည်များကို ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာနှင့် သစ်စိမ့်ပင်ကျေးရွာကြား ရေဆိုးထုတ်ပြွန်အလျားပေ ၁၁ဝ၊ အချင်း ၂ ဒသမ ၅ ပေ၊ ကျောက်ခွက်စီလုပ်ငန်း ၇၅ ပေ x ၁ဝ ပေ ဆောင်ရွက်ပြီးစီးမှုနှင့် တူးမြောင်းပေါင်ပြုပြင်ခြင်း လုပ်ငန်းများနှင့် ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာအနီး ကွင်းအမှတ် (၁၇၁၆) တွင် ပဲကြီးနှင့် နေကြာသီးညှပ် သုံးဧက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာကွင်းအမှတ်(၁၇၃၂)ရေကြီးနစ်မြုပ်ဧကများတွင် ဆောင်းသီးနှံမတ်ပဲစိုက်ခင်းများအား ရွက်ဖျန်းမြေဩဇာရည်များပက်ဖျန်းခြင်းသရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးပြီး သီးထပ်သီးညှပ်စိုက်ပျိုးရေး၊မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေးအလေးထားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများကို သွင်းအားစုပိုးသတ်ဆေး၊ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာများ ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကွင်းအမှတ် (၁၇၃၂)ရေကြီးနစ်မြုပ်ဧကများတွင် ဆောင်းသီးနှံမတ်ပဲစိုက်ခင်းများ ရွက်ဖျန်းမြေဩဇာရည်များ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်ပန်းပွဲတော်သည်လည်း ကန်တော်ကြီးဥယျာဉ်၏သမိုင်းအစဉ်အလာနှင့်သဘာဝသစ်ပင်ပန်းမန်များ၏ အလှအပများကို ထင်ဟပ်စေသည့် ပွဲတော်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ကို စံပြမြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိရာ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁ဝဝ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော်သို့လာရောက်လည်ပတ်ကြသည့် ဧည့်ပရိသတ်များနှင့်အတူ အနုပညာရှင်များ၏သီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ အနုပညာရှင်များနှင့် အကအဖွဲ့များကို ဂုဏ်ပြုငွေများချီးမြှင့်ပြီး ဥယျာဉ်အတွင်း ပြခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁ဝဝပြည့်အထိမ်းအမှတ်အဖြစ် ဥယျာဉ်အတွင်း သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထင်းရှူးပဒေသာပင်ကိုလည်းကောင်း၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကံ့ကော်ပင်ကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးက ချယ်ရီပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁ဝဝ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော်ကို ၂ဝ၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့်မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသသည့် ဇုန် တစ်ဇုန်အပါအဝင် ဇုန် ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂ဝမှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ အမျိုး ၂ဝ စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ပွဲတော်ကာလအတွင်းနိုင်ငံတကာပညာရှင်များ၊ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်သူများဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ထည့်သွင်းထားကြောင်း၊ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့်ဆိုင်ခန်းများဖြင့်ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ်နှစ် ၁ဝဝ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်သို့လာရောက်လည်ပတ် အပန်းဖြေကြသည့်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာနနှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

“လူမှုစီးပွားဘဝဖွံ့ဖြိုးရေးသမဝါယမကဆောင်ရွက်ပေး”

(၁၈.၁၂.၂၀၂၄)




# ၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် ကျင်းပပြုလုပ်




၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၂၄ ခုနှစ် (၁၇)ကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဇန်းမွန်ဟိုတယ်၌ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ အာခါတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အာခါတိုင်းရင်းသားများနာယကက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် ဆုရရှိသောအသင်းများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အာခါတိုင်းရင်းသားများက ရိုးရာအက၊ အလှ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ဦးမြင့်ဦးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ပါက ဆောင်ရွက်ရမည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များပါ လိုအပ်သောအချက်အလက်များကို ရှင်းလင်းတင်ပြခြင်းနှင့် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူးက ရှမ်းပြည်နယ်တစ်ခုလုံး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ပဋ္ဌမအကြိမ်မြေပြင်လူဦးရေစာရင်း စိစစ်ထားရှိမှု၊ ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ရုံးအဆောက်အအုံများအခြေအနေ၊ ပြည်နယ်၊ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ၊ ခရိုင်နှင့်မြို့နယ်များမှ မဲရုံလျာထားမှုနှင့် CVLMS သို့ စာရင်းတင်သွင်းထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အတွင်းရေးမှူးများနှင့် ဆက်လက်တွေ့ဆုံပြီး တင်ပြသည့်လိုအပ်ချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြည်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်


**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့နံနက် ၈ နာရီ ၁၇ မိနစ် ၂၇ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၄၄၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Vanuatu Islands) တောင်လတ္တီတွဒ် ၁၇ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၆၈ ဒသမ ၀၁ ဒီဂရီ၊ အနက် ၅၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တာချီလိတ်မြို့တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ ဖမ်းဆီးရမိ



ဖြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ကျန်ကြားအန်၏နေအိမ်ကို သတင်းအရ ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၁၄၃ ကီလို၊ ကက်တမင်း ၂၃ ကီလိုနှင့် အက်တက်စီဆေးပြား ၁၂၈၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများ ပိုင်ရှင် တွမ်လောင်ဖူး(ခ)အားဟွာ၏ နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တွမ်ရှီးခွမ်ကို စိတ်ပြောင်းဆေးဝါး Happy Water နှစ်ကီလို၊ Happy-5 ဆေးပြား ၁၆၀၀၀၊ အက်တက်စီ အမှုန့် ကိုးကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၄၃ ကီလို၊ ကက်တမင်း ၂၃ ကီလို၊ အက်တက်စီဆေးပြား ၁၂၈၀၀၀၊ Happy Water နှစ်ကီလို၊ Happy-5 ဆေးပြား ၁၆၀၀၀၊ အက်တက်စီ အမှုန့် ကိုးကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (မဝ၁)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၁ ဒသမ ၂၂၅၈ တန်၊ သစ်မာ ၄ ဒသမ ၈၁၁၈ တန်၊ အခြား ၁၈ ဒသမ ၇၀၀၀ တန် စုစုပေါင်း ၄၄ ဒသမ ၇၃၇၆ တန်၊ ယာဉ်၊ ယန္တရား ရှစ်စီး၊ တရားခံ ငါးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မုံရွာမြို့နယ် ဂေါ်ကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ဦးရေ ၅၀ တို့ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဂေါ်ကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ဦးရေ ၅၀ ဦးတို့ကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် ယာယီနေရပ်စွန့်ခွာနေရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုသို့အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရန် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသို့ နိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ရှင်းသန့်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ခါချဉ်ကျွန်းကျေးရွာနေ ဇော်ဇာစုလှိုင်(ခ)မိုးမိုးလွင်ကို ညနေ ၅ နာရီ ၅၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများဒုက္ခရောက်နေ"ခေါင်းစဉ်ဖြင့် ၁၈-၁၂-၂၀၂၅ ရက်(ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့



ဂျကာတာ ဒီဇင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်တွင် ဒီဇင်ဘာ ၁၆ ရက်က ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသနှင့် ဘူမိရူပဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ဒီဇင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၄ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါငလျင်သည် မာလူကူပြည်နယ်အလယ်ပိုင်းရှိ တီဟိုရူခရိုင်၏ အနောက်တောင်ဘက် ၄၇ ကီလိုမီတာအကွာ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်ကြောင့် ကြီးမားသော လှိုင်းလုံးကြီးများမဖြစ်ပေါ်နိုင်သည့်အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ အဆိုပါငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် လူသေဆုံးမှုမရှိခဲ့သော်လည်း လမ်းနှင့် အဆောက်အအုံတချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် အင်ဒိုနီးရှားသည် ပစိဖိတ်မီးကွင်းပေါ်တွင်တည်ရှိပြီး နိုင်ငံတွင် လှုပ်ရှားနေသော မီးတောင် ၁၂၇ လုံးရှိသည့်အတွက် မကြာခဏ ငလျင်လှုပ်ခတ်နိုင်ခြေ များသော နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံက ရေဘေးသင့် တောင်ဆူဒန်နိုင်ငံကို ဆန်တန်ချိန် ၁၀၀၀ ပံ့ပိုး

ပေကျင်း ဒီဇင်ဘာ ၁၇

တရုတ်နိုင်ငံက နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုအရ ရေဘေးသင့် တောင်ဆူဒန်ပြည်သူများအတွက် ဒီဇင်ဘာ ၁၆ ရက်က ဆန်တန်ချိန် ၁၀၀၀ ကို အရေးပေါ် စားနပ်ရိက္ခာအနေဖြင့် ပေးပို့ခဲ့ကြောင်း တောင်ဆူဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မာကျန်းက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောင်ဆူဒန်နိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများဖြင့် မကြာခဏ ရင်ဆိုင်နေရပြီး ရေဘေးသင့် ပြည်သူများမှာ စားနပ်ရိက္ခာခက်ခဲသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသဖြင့် တောင်ဆူဒန်နိုင်ငံအစိုးရက နိုင်ငံတကာကို အကူအညီတောင်းခံထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တောင်ဆူဒန်နိုင်ငံမှ ရေဘေးသင့်ပြည်သူများကို ကူညီပံ့ပိုးပေးခဲ့သည့် ဆန်တန်ချိန် ၁၀၀၀ ၏ တန်ကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ငါးသန်းခန့်ရှိပြီး ဒီဇင်ဘာ ၁၆ ရက်က တောင်ဆူဒန်နိုင်ငံ အစိုးရအဖွဲ့မှ ကိုယ်စားလှယ်က တောင်ဆူဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မာကျန်းထံမှ အထောက်အပံ့ ပစ္စည်းများကို အခမ်းအနားဖြင့် လက်ခံခဲ့ကြောင်း သိရသည်။

"တရုတ်နိုင်ငံက လူသားချင်း စာနာထောက်ထားမှု အနေနဲ့ တောင်ဆူဒန်နိုင်ငံက ရေဘေးသင့်ပြည်သူတွေအတွက် ဆန်တန်ချိန် ၁၀၀၀ ပေးပို့နိုင်ခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ပြသတာဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ တောင်ဆူဒန်နိုင်ငံပြည်သူတွေရဲ့ စားနပ်ရိက္ခာလုံခြုံရေးအတွက် အတတ်နိုင်ဆုံး ကူညီပေးသွားမှာပါ"ဟု တောင်ဆူဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မာကျန်းက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဗစ်တိုးရီးယားပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီး အရေးပေါ်အဆင့်မှ သတိထားစောင့်ကြည့်ရမည့်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်

ကင်ဘာရာ ဒီဇင်ဘာ ၁၇

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် ခရစ်ဝစ်ကောင်တီ အနောက်တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးကို အရေးပေါ်အဆင့်မှ သတိထား စောင့်ကြည့်ရမည့် အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ဩစတြေးလျအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုမှာ အရေးပေါ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် ကြိုးစား ငြှိမ်းသတ်ခဲ့ပြီးနောက် တောမီးကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အပူချိန်လျော့ကျကာ အအေးဓာတ် မြင့်တက်လာခြင်းက တောမီးကို ထိန်းချုပ်ရာတွင် အထောက်အပံ့ဖြစ်ခဲ့ကြောင်း သိရသည်။

"ဗစ်တိုးရီးယားပြည်နယ် တောမီးလောင်ကျွမ်းမှုကို အခြေအနေတစ်ခုထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် တောမီးကိုထိန်းချုပ်လာနိုင်တာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကနေ သတိထားစောင့်ကြည့်အဆင့်အဖြစ် လျှော့ချသတ်မှတ်လိုက်ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားတဲ့ ဧရိယာ



တွေကို သတိထားစောင့်ကြည့်သွားဖို့ လိုအပ်ပါတယ်။ ထူးခြားမှုရှိလာရင်လဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန် ပေးသွားပါမယ်"ဟု ဩစတြေးလျအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သတိထားစောင့်ကြည့်ရမည့် ဒေသများမှာ ဒန်း၊ နယူးလင်း၊ စပရင်းမောက်၊ ကလက်ဟေးနှင့် ဝက်တယ်ဖလက် ဒေသတို့ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဗာနေတူနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်

ပို့ဗီလာ ဒီဇင်ဘာ ၁၇

ဗာနေတူနိုင်ငံ ပို့ဗီလာမြို့အနီးတွင် ယနေ့နံနက်ပိုင်း ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်သည်ဟု Pacific Tsunami Warning Center က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ဗာနေတူနိုင်ငံအတွက် ပြင်းအားများသည့်ငလျင်ဖြစ်ခဲ့ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်း ဖြစ်သည့်အတွက် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ငလျင်ဗဟိုပြု လှုပ်ခတ်ခဲ့သော ဧရိယာမှာ ပို့ဗီလာမြို့နှင့် ၃၇ ကီလိုမီတာ ဝေးကွာသည့်အတွက် ပို့ဗီလာမြို့တွင် ကြီးမားသည့်ပျက်စီးမှုမျိုးမရှိခဲ့ကြောင်း၊ သို့သော်လည်း ငလျင်လှိုင်းသည် ပို့ဗီလာမြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ ရောက်ရှိခဲ့ပြီး ဒေသခံများ အထိတ်တလန့်ဖြင့် အမိုးအကာအောက်မှ တိမ်းရှောင်ခဲ့ကြရကြောင်း ဗာနေတူသတင်းထောက် မက်ဂါရီက ပြောကြားခဲ့သည်။

"ငလျင်လှုပ်သွားတာ အားတော်တော်ပြင်းပါတယ်။ ငလျင်လှုပ်ခတ်ချိန်က စက္ကန့် ၃၀ လောက်ထိ ကြာမြင့်ခဲ့တယ်။ ကျွန်တော်ကြုံတွေ့ဖူးတဲ့ ငလျင်တွေထဲမှာ ပြင်းအားအများဆုံး ငလျင်ဖြစ်ပါတယ်"ဟု ဗာနေတူသတင်းထောက် မက်ဂါရီက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဖီဂျီ၊ ကာရီဘာတီ၊ နယူးကယ်လီဒိုးနီးယား၊ ဆော်လမွန်နှင့် တူဗားလူကျွန်းနိုင်ငံတို့တွင် ၃၀ စင်တီမီတာခန့်ရှိသော ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းကျွန်းနိုင်ငံများမှာ ဗာနေတူနိုင်ငံနှင့်ကပ်လျက်ရှိသော နိုင်ငံများဖြစ်ပြီး ဗာနေတူနိုင်ငံတွင်လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဆူနာမီလှိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး ထူးခြားမှုတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဗာနေတူနိုင်ငံ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် လေထုအရည်အသွေးဆိုးရွားလာသဖြင့် အစိုးရရုံးများနှင့် ကျောင်းများကို ပိတ်ထားရ

နယူးဒေလီ ဒီဇင်ဘာ ၁၇

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် လေထုအရည်အသွေးဆိုးရွားလာသဖြင့် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေး အစီအမံများကိုတင်းကျပ်ကာ အစိုးရရုံးများနှင့် ကျောင်းများကို ပိတ်ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဒီဇင်ဘာ ၁၆ ရက်ကစပြီး လေထုအရည်အသွေး ဆိုးရွားလာသည့်အတွက် အစိုးရဝန်ထမ်းများကို အိမ်ကသာ အလုပ်လုပ်စေခဲ့ပြီး ရုံးများနှင့် ကျောင်းများကို ပိတ်ထားကြောင်း၊ ထို့ပြင် မော်တော်ယာဉ် စီးနင်းမောင်းနှင်မှုများနှင့် စက်ရုံ၊ အလုပ်ရုံများကိုလည်း လေထုအရည်အသွေး ထိခိုက်စေမှုနှင့်ပတ်သက်ပြီး ကန့်သတ်မှုများ အတိုင်း လိုက်နာရန်ညွှန်ကြားထားကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

နယူးဒေလီမြို့၏ ဒီဇင်ဘာ ၁၆ ရက် နေ့လယ်ပိုင်းက လေထုအညွှန်းကိန်းသည် ၃၇၉ ရှိခဲ့သဖြင့် အလွန်ညံ့ဖျင်းသောလေထုအရည်အသွေးဖြစ်ခဲ့ကြောင်း၊ ယနေ့တွင် လေထုညစ်ညမ်းမှု အညွှန်းကိန်းသည် ၄၀၀ အထက်ကို ရောက်ရှိလာသဖြင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိသော လေထုအရည်အသွေးဖြစ်ခဲ့ကြောင်း ဗဟိုလေထုညစ်ညမ်းမှုထိန်းချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော လေထုအရည်အသွေးသည် ကျန်းမာရေးမကောင်းသောသူများကိုသာမက ကျန်းမာသော လူများကိုပါ အန္တရာယ်ဖြစ်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်စေနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များဖြစ်သော ပန်ဂျပ်နှင့် ဟာယာနာပြည်နယ်တို့တွင် စက်ရုံ၊ အလုပ်ရုံများမှ ထွက်သော မီးခိုးငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်သော ဖုန်မှုန့်များနှင့် မီးခိုးငွေ့များ၊ မော်တော်ယာဉ်များမှထွက်သော မီးခိုးငွေ့များက ပြင်းထန်သော လေထုညစ်ညမ်းမှုကို ဖြစ်စေကြောင်း လေအရည်အသွေးစီမံခန့်ခွဲမှုကော်မရှင်(CAQM)မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ


သစ်ပင်စိုက်ပါ တို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# အထင်နဲ့အမြင်

**လင်းယုန်ဇော်**



(၁)

ကျော်ကြီး သည်နေရာကို ဖြတ်သွားဖြတ်လာ လုပ်နေခဲ့တာ လအတန်ကြာပြီဖြစ်သည်။ သို့သော် ထိုလူကို ဒီနေ့မှ စတွေ့ဖြစ်သည်။ ထိုလူကို မှတ်မိရန် သူ မနည်းကြည့်ယူရသည်။

ထိုလူသည် တကယ်တော့သူရဲ့ငယ်သူငယ်ချင်း ကျောင်းနေဖက်တစ်ဦးဖြစ်သည်။ နာမည်က ကိုမျိုး ဖြစ်သည်။ ငယ်စဉ်က အကောင်သေးသေးမို့ အထက်တန်းကျောင်းသားဖြစ်သည်ထိ မူလတန်းကလေးတွေနှင့် ခဏခဏမှားသည်။

ဆရာမကပင် ကိုမျိုးကို မူလတန်းကလေးအမှတ်နှင့် အတန်းထဲကမောင်းထုတ်ဖူးသည်။ နောက်မှ စာအုပ်တွင်ရေးထားသော အတန်းကိုကြည့်ပြီး ပြန်ခေါ်ရသည့်အဖြစ်ရယ်လေ။

အခုတော့ ကိုမျိုးကို သူတွေ့လိုက်ရတော့ အံ့သြခဲ့ရသည်။ ဝဖိုင့်သောခန္ဓာကိုယ်ကို မနည်းသယ် ယူနေရသော လူကြီးတစ်ယောက်ပုံဖြစ်နေလေပြီ။ ပြီးတော့ တွေ့နေရသည်က သူဖြတ်သွားနေကြ လမ်းပေါ်မှာရှိသော ကယ်ရီဂိတ်တွင်ဖြစ်သည်။

ကယ်ရီဘေးတွဲပေါ်တွင် ထိုင်ပြီးအခြားသော ကယ်ရီသမားများနှင့် စကားလက်ဆုံကြနေသည်ကို သူစတင်တွေ့ရှိခဲ့ခြင်းဖြစ်လေသည်။

(၂)

ငယ်သူငယ်ချင်းတစ်ယောက်ကို သူ့ဘက်က စတင်နှုတ်ဆက်ဖို့ သူတော်တော်စဉ်းစားနေမိသည်။ ဘာကြောင့်ဆိုသည်ကိုလည်း သူကိုယ်တိုင်ရေရေရာရာမသိနိုင်သေးပေ။

သေချာတာတစ်ခုကတော့ သူ့အနေအထားကို သူ မာန်တက်နေခြင်းပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက တသီးတသန့်နေတတ်သောသူနှင့် ကွမ်းယာကို ပလုပ်ပလောင်းစားပြီး ကယ်ရီမောင်းနေသော ကိုမျိုးကို သူနှုတ်ဆက်ရမှာ တွန့်နေခြင်းဖြစ်သည်။

သို့သော်လည်း ကိုမျိုးသည် ငယ်စဉ်က ပညာထူးချွန်သော ကျောင်းသားတစ်ယောက်ဖြစ်သလို ကျော်ကြီးတို့သည်လည်း ကိုမျိုးကို ကျောင်းစာနှင့်ပတ်သက်လျှင် အချို့နေရာမှာ အားကိုးခဲ့ရသည်များကို ကျော်ကြီး မှတ်မိနေသည်။

ငယ်စဉ်ကတည်းက ဘာလုပ်လုပ် ထူးချွန်ထက်မြက်ခဲ့သော ကိုမျိုးသည် အဘယ့်ကြောင့် ကယ်ရီသမား ဖြစ်နေရသည်ကို သူ မစဉ်းစားတတ်။

ကျောင်းပြီးကတည်းက အလုပ်လုပ်နေသောကြောင့် သူငယ်ချင်းများနှင့်ဝေးကွာခဲ့ရသည်။ တစ်ဦးနှင့် တစ်ဦး မဆုံဖြစ်ကြ။ ဘယ်သူတွေဘာလုပ်နေလည်းဆိုတာပင် သတင်းအစအန မရ။

နှစ်ပေါင်းများစွာဝေးကွာခဲ့ပြီး အခုမှအမှတ်မထင်မြင်တွေ့ရခြင်းဖြစ်သည်။ ဒါတောင် ကိုမျိုးကမတွေ့၊ သူကသာ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သူကိုတွေ့လျှင်တော့ ကိုမျိုးဘက်က အားရဝမ်းသာနှုတ်ဆက်မှာ အသေချာပင်။

(၃)

ဒီနေ့တော့ သူ့စိတ်ကူးတွေကို ပြန်ပြင်ရန် ဆုံးဖြတ်လိုက်သည်။ သူငယ်ချင်းဟောင်း တစ်ယောက်ကို နှုတ်ဆက်ရမည်ကို တွန့်ဆုတ်နေသော သူ့စိတ်ဓာတ်ကိုပြန်ပြင်လိုက်ပြီး နှုတ်ဆက်မည်။ ပြီးလျှင် သူငယ်ချင်းကိုစားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားမည်။

ထို့နောက် ငယ်ဘဝအကြောင်းတွေကို တဝကြီး ပြောကြမည်။ သူ့ဘဝကြီးကိုဘယ်လိုတွေ ကြိုးစားခဲ့တာ။ အခုဆို သူ ဘယ်ကုမ္ပဏီမှာ ဘာရာထူးဖြင့်လစာဘယ်လောက်ရကြောင်းတွေကို တဝကြီးကြွားပစ်မည်ဟု စိတ်ကူးအတွေးတို့ဖြင့် ကယ်ရီဂိတ်ကလေးရှိရာသို့ တက်ကြွသောခြေလှမ်းတို့ဖြင့် လှမ်းလာခဲ့လေသည်။

သို့သော် ကယ်ရီဂိတ်ကလေး ရောက်တော့ ကိုမျိုးကို မတွေ့ရ။ ကယ်ရီပါသွားလို့ထင်ပါရဲ့ဟု အတွေးဖြင့် ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေဖြစ်သည်။ အချိန်တွေသာကြာလာသည် ကိုမျိုးပြန်ဝင်လာတာကိုမတွေ့ရ။ သူလည်းအချိန်ကမရတော့ ကယ်ရီဂိတ်ကိုဝင်မေးမည်အပြု ဇနီးဖြစ်သူရဲ့ ဖုန်းဝင်လာသောကြောင့် သူစိတ်ကူးများကို တစ်ခန်းရပ်ပြီ အိမ်ပြန်ရန်ပြင်ဆင်လိုက်ရတော့ပြန်သည်။

(၄)

သူ ဒီနေ့ တအားပျော်နေမိသည်။ ရာထူးတိုးခန့်စာရောက်ရှိလာသည်မို့ ဒီလကုန်သည်နှင့် သူ့လက်ရှိ ရာထူးထက်ကြီးသော ရာထူးဖြင့် လုပ်ငန်းခွင်ဝင်ရတော့မည်ဖြစ်သည်.။

ဇနီးဖြစ်သူကို ဖုန်းဆက်လိုက်ပြီး အလုပ်ကအပြန် ကိုမျိုးဆီ ဝင်ရန်ဆုံးဖြတ်လိုက်သည်။

သူ ကိုမျိုးကို ကြွားချင်တာလည်းပါသလို ဝမ်းသာစေချင်တာလည်းပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုမျိုးကို ကယ်ရီဂိတ်မှာတွေလိုက်ရသည် ။

"သူငယ်ချင်း ကိုမျိုး"

သူ့အသံကြားလိုက်တော့ ကိုမျိုး တအံ့တသြဖြစ်သွားသည်။ ပြီးတော့မှဝမ်းသာအားရဖြင့်–

"ဟာ သူငယ်ချင်း ကျော်ကြီး။ ဟာကွာ ဝမ်းသာလိုက်တာ မတွေ့ရတာ အတော်ကြာပြီနော် "

ကိုမျိုးက သူ့ကို ပွေ့ဖက်ချင်သော်လည်း သူ့အဝတ်အစား သန့်သန့်တွေကိုကြည့်ပြီး အနည်းငယ်တွန့်သွားပြီ လက်ကိုဆန့်တန်းပေးလာသည်။ သူလည်းဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လိုက်တော့ ကြမ်းတမ်းတဲ့လက်ဖဝါးကို သတိပြုမိပြန်သည်။ ဩော်...သူ့ခမျာ ဘဝကလည်း ကြမ်းသည်မဟုတ်လား။ ကိုမျိုးအတွက် သူ စိတ်မကောင်းဖြစ်သွားမိသည်။ ကြွားချင်စိတ်တို့ပင် ပျောက်ဆုံးကုန်သည်။

''လာကွာသူငယ်ချင်း" ဟုဆိုရင်း စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားလိုက်တော့သည်။

(၅)

"သူငယ်ချင်း စားချင်တာမှာကွာ အားမနာနဲ့။ ဒီနေ့မှ မင်းနဲ့ထူးထူးခြားခြား တွေ့ရတာကွ"

"ဘာဖြစ်လို့လဲ သူငယ်ချင်းရ။ ဘယ်လို ထူးခြားတာလဲ"

သူကလည်း ထိုသို့သောစကားကိုလိုချင်လို့ အစဖော်ပေးခြင်းဖြစ်သည်။

"ငါ ဒီနေ့ရာထူးတိုးတယ်ကွ။ လစာလဲအရင်ထက်ပိုရပြီလေကွာ။ ငါတအားပျော်နေတာကွ။ ဒါကြောင့်မင်းကို တွေ့တာနဲ့ အတော်ဖြစ်သွားတာ။ သောက် သူငယ်ချင်း။ စားချင်တာလဲမှာ ဘာမှ အားမနာနဲ့"

သူကတော့ ဝမ်းသာအားရဖြင့် ပြောနေသော်လည်း ကိုမျိုးခမျာ အားငယ်နေမလားဟု တွေးထင်နေမိသည်။

ထို့နောက် သူနှင့်ကိုမျိုးတို့ ငယ်ဘဝ အကြောင်းတွေပြောလိုက် သူလက်ရှိဘဝရောက်အောင် ဘယ်လိုကြိုးစားခဲ့ကြောင်း ဘယ်လိုအခက်ခဲတွေဖြတ်သန်းခဲ့ရကြောင်းများကို ကရားရေလွှတ် အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေမိတော့သည်။

ကိုမျိုးကတော့ ငြိမ်ပြီးနားထောင်နေရှာသည်။

"ဒါနဲ့ မင်းကယ်ရီဘေးတွဲ ဆွဲရတာ အဆင်ပြေရဲ့လား။ ငါ ဘာကူညီပေးရမလဲ"

သူ့စကားကြောင့် ကိုမျိုး မျက်နှာတစ်မျိုးဖြစ်သွားသည်။ ပြီးမှ–

"ရပါတယ်သူငယ်ချင်းရာ အဆင်ပြေပါတယ်။ ဒါနဲ့မင်းလစာက ဘယ်လောက်ရလဲ ကျော်ကြီးရ"

ကိုမျိုးကို မေးစေချင်သည့်စကားက အခုမှမေးလေသည်ဟု အတွေးဝင်သည်။ နဂိုကတည်းက ကြွားချင်နေသူမို့–

"သိပ်မများပါဘူးကွာ။ ခုနစ်သိန်း ရှစ်သိန်းပေါ့"

အခုခေတ်မှာ ဒီလိုလစာမျိုးရဖို့ မလွယ်ကူနိုင်ပါလေ။

"ဝမ်းသာပါတယ်သူငယ်ချင်းရာ။ အခုလိုကျွေးမွေးတဲ့ အတွက်လဲ ကျေးဇူးပါ"

သူလည်းအနည်းငယ်မူးနေပြီမို့ နှုတ်ဆက်လမ်းခွဲပြီးပြန်ခဲ့တော့သည်။ စိတ်ထဲတွင် ကိုမျိုးကို သနားစိတ်တို့က ကြီးစိုးနေလေသည်။

(၆)

သူ့ကို ကိုမျိုး ကစိတ်မချဘူးဆိုပြီး သူ့သူငယ်ချင်းဘေးတွဲငှားပေးလိုက်သည်။

တကယ်လို့ ကိုမျိုးကိုယ်တိုင်လိုက်ပို့မည်ဆိုလျှင်တောင် သူ မစီးရက်ပါလေ။

"ကျွန်တော့်ဆရာက သူ့သူငယ်ချင်းကို တော်တော် ချစ်တာဘဲနော်။ အစ်ကိုကြီးကို အိမ်ထဲထိရောက်အောင် သေချာပို့ပေးလိုက်ပါလို့ သေသေချာချာ မှာလိုက်တာဗျ"

ကယ်ရီသမားလေးရဲ့စကားက သူ့ကိုအံ့အားသင့်စေသည်။

"ဘယ်က ဆရာလဲကွ။ ကိုမျိုးလား"

"ဆရာ ကိုမျိုးလေ"

"သူက မင်းသူငယ်ချင်း ကယ်ရီသမား မဟုတ်ဘူးလား"

''ဘယ်ကလာ ကယ်ရီသမားလဲအစ်ကိုရယ်။ သူ့မှာ ဝပ်ရှော့လဲ ပိုင်တယ်။ အိမ်တန်းလျားတစ်ခုကလဲ တစ်လကို ဆယ့်ခြောက်သိန်းလောက်ရတယ်။ အခုသူလာလာနေတဲ့ ဘေးတွဲဂိတ်ဆိုလဲ သူ့ဘေးတွဲ ကယ်ရီတွေဘဲ။ သူပဲဦးစီးပြီးဖွင့်ပေးထားတာလေ။ ဒါကြောင့် မကြာမကြာ လာနေတတ်တာ။ တအားသဘောကောင်းပြီး ပရဟိတလုပ်ငန်းတွေပါ လုပ်တတ်တဲ့သူပေါ့ဗျာ။ အစ်ကိုကြီးက သူ့သူငယ်ချင်းဖြစ်ပြီး မသိဘူးလား"

"ဟေ အင်း သိ သိတာပေါ့ကွာ"

သူမျက်လုံးပြူးသွားရသည်။

ဆိုင်မှာကြွားလုံးတွေထုတ်နေချိန်ပြုံးပြုံးကလေး နားထောင်နေသော ကိုမျိုးကို မျက်စိထဲမြင်ယောင်လာသည်။ အနေစုတ်သော်လည်း ကိုမျိုးသည် ရွှေထုပ်သည့် မြပဝါပါလား။

ရှက်စိတ်တို့က တစ်ကိုယ်လုံးခြုံလွှမ်းသွားသည်။

နောက်ရက်တွေမှာ ကိုမျိုး မျက်နှာကို ဘယ်လိုမျက်နှာဖြင့် နှုတ်ဆက်ရမည် သူ မသိလေတော့။

တကယ်တမ်း သူ့ဝင်ငွေသည် ကိုမျိုး၏ဝင်ငွေတစ်ဝက်လောက်သာရှိတဲ့ သူက ကိုမျိုးကို သနားနေသေး၏။

တကယ်တမ်း သနားရမည့်သူမှာ မိမိကိုယ်တိုင်ပင်မဟုတ်ပါလားလေ။

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၅၁၃၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်




**ပုသိမ် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ရာသီက စိုက်ပျိုးထားသော စပါး ၃၅၁၃၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၉၁၄၃၆ ကေထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၃၅၁၃၂ ကေထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ကေလျှင် ၉၀ ဒသမ ၁၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ မိုးစပါး ၉၁၄၃၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ လက်ရှိမှာ မိုးစပါး ၃၅၁၃၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေး ပြည့်မီတာကိုလဲ တွေ့ရပါတယ်။ လက်ရှိရိတ်သိမ်းခဲ့တဲ့ စပါးတွေစိုက်ပျိုးဖို့အတွက် စပါးမစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင်တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ချိတ်ဆက်ပံ့ပိုးပေးခဲ့ပါတယ်။ စိုက်ပျိုးရေးနည်းလမ်းတွေမှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မိုးစပါး လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်၊ ပြန်လည်ရိတ်သိမ်းနိုင်ရန် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစသည့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ကလေးမြို့နယ် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ၂၅၁၈ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၉၅၂ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၁၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ကေ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန် လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။



ကလေးမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ကျောက်ထပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ထပ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ် ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းသား၊ အသင်းသူများလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၅ သန်းကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်ထပ်ကျေးရွာရှိ မြေပဲစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်ထံမှ သိရသည်။

သံသာ

## ကောင်းခြင်းစုံစွာ ဒီဇင်ဘာ

\- နေခြည်နုထွေး လေနုအေးနှင့်
ငှက်ကျေးစုံလင် အာကာခွင်ဝယ်
တိမ်သွင်တင့်ဆန်း ကြည်လင်လျှမ်းလို့
ထက်နန်းနဘံ မိုးမြင့်ယံကွယ်
စိုးစံနေတာ ဒီဇင်ဘာ။

\- ဟေမန်အပျို နှင်းရည်စို၍
တွဲခိုမြက်ဖျား မေးစက်နားလျက်
ဝင့်ကြွားနေဟန် မြူသဏ္ဍာန်နှင့်
မြောက်ပြန်လေညင်း ရှစ်တိုင်းခွင်းလို့
ထုံသင်းတော်ဝင် ပန်းသဇင်။

\- ဘိုးဘွားအမွေ လယ်ယာမြေဝယ်
သီးရွှေစပါး ဝင်းမှည့်ထားလို့
စီးပွားအောင်မြင် အောင်ပန်းဆင်၍
ဒီဇင်ဘာလ ကောင်းခြင်းရလျက်
ရွှန်းမြဝေဝေ မွန်မြတ်ပေ။

\- နိုင်ငံတာဝန် လူရည်ချွန်မို့
အားသွင်းခွန်စိုက် မေတ္တာပိုက်၍
နှစ်ခြိုက်စေချင် မြတ်နိုးကြဉ်လျက်
ဂုဏ်အင်တန်ဖိုး လူ့ဂုဏ်တိုးလို့
စိုးမိုးစေတာ မင်္ဂလာ။

\- မြန်မာပြည်ကြီး နန်းရွှေထီးနှင့်
မြည်ဟည်းစည်တော် တိုင်းထက်ကျော်၍
ဂုဏ်ဖော်ဝင့်ကြွား စိုးမိုးထား၍
မြင့်မားဂုဏ်မှာ ဒီဇင်ဘာသည်
မှန်စွာမုချ ကောင်းခြင်းရလျက်
ဝင်းပတင့်ရွှန်း ရောင်ခြည်ထွန်းလို့
ဖော်ညွှန်းစာခြွေ ကောင်းခြင်းဝေ
ပေါ်ထွန်းပါလေ ကြောင်းရင်းဆွေ။ ။

ရင်ခတ်ပန်း(စွယ်တော်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပလတ်စတစ်ညစ်ညမ်းမှုကိုင်တွယ်ဖြေရှင်းရန်ကြိုးပမ်းနေသော အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအနေဖြင့်စဉ်ဆက်မပြတ်လုပ်ဆောင်နေသောအလေ့အထများကို ခရီးသွားလုပ်ငန်းအတွေ့အကြုံများတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် အခွင့်အလမ်းရှိနေသည်။ ဘာလီကျွန်းသည် ကမ္ဘာ့ခရီးသွားလာရောက်ရန် အဓိကနေရာတစ်ခုဖြစ်သည့်အတွက် ခရီးသွားများသည် ဒေသဆိုင်ရာထုံးတမ်းစဉ်လာများနှင့်အလေ့အထများကို လိုက်ပါဆောင်ရွက်သွားဖွယ်ရာရှိသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီသောစနစ်များထားရှိမည်ဆိုလျှင် ခရီးသွားများသည် လိုက်နာဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

တစ်ခါသုံးပလတ်စတစ်များနေရာတွင် အစားထိုးသုံးစွဲမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအခြေခံအဆောက်အအုံများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဘာလီကျွန်းသည် ရေရှည်ခံသောခရီးသွားလုပ်ငန်းအတွက် စံနမူနာပြလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ ခရီးသွားလည်ပတ်ရန် ဦးစားပေးနေရာဖြစ်သည့် ဘာလီကျွန်းသည် ရေရှည်ခံသောခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်ရေး အင်ဒိုနီးရှားနိုင်ငံကြိုးပမ်းမှုများ၏ ရှေ့တန်းမျက်နှာစာလည်းဖြစ်နေသည်။

ဘာလီကျွန်း၏ သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားလုပ်ဆောင်မှုနှင့်အတူ ပလတ်စတစ်လျှော့ချနိုင်သည့် မူဝါဒများနှင့်မိတ်ဖက်များ ထူထောင်နိုင်ရေး တွန်းအားပေး ဆောင်ရွက်မှုရှိနေသောကြောင့် ဘာလီကျွန်းကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်သော ခရီးသွားစံပြနေရာအဖြစ် ဆက်လက်တည်ရှိနေစေမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်များအတွက်လည်း ၎င်း၏သဘာဝအလှတရားများကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်စေမည်ဖြစ်သည်။

ဘာလီပြည်နယ်အစိုးရသည် ရေရှည်ခံသောခရီးသွားလုပ်ငန်းဇေယျာထူထောင်ရန် အမျိုးမျိုးသောမဟာဗျူဟာများနှင့်မူဝါဒများကို သုတေသနပြု တိုးတက်ဆောင်ရွက်လျက်ရှိသည်။ ဘာလီကျွန်း၌ စွန့်ပစ်ပလတ်စတစ်များလျှော့ချရေးကြိုးပမ်းမှုအနေဖြင့် ပင်လယ်အတွင်းသို့ ပလတ်စတစ်များ မရောက်ရှိစေရန် မြစ်ဝများတွင် အမှိုက်ဆယ်ယူသည့် ချိတ်တန်းများတပ်ဆင်ထားရှိသည်။ ထို့ပြင် ဘာလီအစိုးရသည် စွန့်ပစ်ပလတ်စတစ်များပြန်လည်ဆယ်တင်မှုတိုးမြှင့်လုပ်ဆောင်ရန် ဆယ်တင်စက်မှုလုပ်ငန်းနှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမှိုက်သရိုက်များသည် အင်ဒိုနီးရှားနိုင်ငံတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု တိုက်ဖျက်ရေးသည် ပြည်သူလူထုကို ငယ်ရွယ်စဉ်ကတည်းက နားလည်သဘောပေါက်မှုမြှင့်တင်သွားရန် လိုအပ်သည်။ လက်ရှိအချိန်တွင် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုသည် ယခင်မျိုးဆက်များနှင့်မတူ ကွဲပြားလာလျက်ရှိသည်။

စွန့်ပစ်ပစ္စည်းများကို မြစ်၊ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းသည် နောက်ဆုံးတွင် ပင်လယ်အတွင်းသို့ စွန့်ပစ်ပလတ်စတစ်များပိုမိုရောက်ရှိနိုင်ပေသည်။ ကုန်းမြေပေါ်၌စွန့်ပစ်သော အမှိုက်များသည်ပင်လျှင် လေနှင့်ရေတို့၏အကူအညီဖြင့် မြစ်၊ချောင်းများအတွင်းသို့ ရောက်ရှိနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဏ္ဏဝါညစ်ညမ်းမှုဖြစ်စေသည့် ပဋ္ဌမမြောက်အများဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော စစ်တမ်းတစ်ရပ်က ဖော်ပြခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပင်လယ်သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်အမှိုက်များရောက်ရှိမှုသည် နှစ်စဉ်တန်ချိန် ၂၀၁၀၀၀ မှ ၅၅၂၃၀၀ ထိ ရှိကြောင်းနှင့် အများစုသည် မြစ်၊ ချောင်းများ တစ်လျှောက် မျောပါလာခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြခဲ့သည်။

စွန့်ပစ်ပလတ်စတစ်များသည် သဘာဝအရသော်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အားနည်းခြင်း သို့မဟုတ် စည်းမဲ့ကမ်းမဲ့ တိုက်ရိုက်စွန့်ပစ်ခြင်းကြောင့်သော်လည်းကောင်း မြစ်ချောင်းများ



အတွင်းသို့ ရောက်ရှိလာလေ့ရှိသည်။ ထို့ကြောင့် မြစ်၊ ချောင်းများတွင် တွေ့ရှိရသော ပလတ်စတစ်အမှိုက်များသည် ပင်လယ်သမုဒ္ဒရာအတွင်း၌အဆုံးသတ်သွားလေ့ရှိသည်။

လူဦးရေထူထပ်ပြီး ကမ်းခြေရှည်လျားသော အင်ဒိုနီးရှားနိုင်ငံသည် စွန့်ပစ်ပလတ်စတစ်စီမံခန့်ခွဲရာတွင် ကြီးမားသောစိန်ခေါ်မှုဖြင့် ရင်ဆိုင်နေရသဖြင့် ပင်လယ်သမုဒ္ဒရာပလတ်စတစ်ညစ်ညမ်းမှုတွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ Brantas၊ Citarum၊ Solo နှင့် Progo မြစ်လေးစင်းသည် ကမ္ဘာ့ညစ်ညမ်းမှုအမြင့်ဆုံး မြစ် အစင်း ၂၀ တွင်ပါဝင်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ပင်လယ်သမုဒ္ဒရာ ပလတ်စတစ်ညစ်ညမ်းမှုတွင် ဆဋ္ဌမမြောက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည့်အတွက် စွန့်ပစ်ပလတ်စတစ် ၅၆၃၃၃ တန်ခန့်သည် နှစ်စဉ်မြစ်ကြောင်းများမှ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်လေ့ရှိသည်။ အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ညစ်ညမ်းမှုကိုခန့်မှန်းနိုင်သော လိုက်လျောညီထွေပုံစံနှင့် အဖြေရှာဖွေသွားရန်လိုအပ်သည်။ ပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုတို့ကိုခြေရာခံနိုင်သောနည်းလမ်းရှိပြီး ၎င်းနည်းလမ်းသည် စွန့်ပစ်ပလတ်စတစ်ထုတ်လုပ်မှုပမာဏ၊ လွဲမှားသော စီမံခန့်ခွဲမှုအချိုးအစားနှင့် သဘာဝပတ်ဝန်းကျင်အတွင်းသို့ စိမ့်ဝင်ပျံ့နှံ့မှုအလားအလာကိုကြိုတင်ခန့်မှန်းရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုအပေါ် သက်ရောက်လျက်ရှိသည့် လူဦးရေသိပ်သည်းမှုအပြင် စွန့်ပစ်အမှိုက်သိမ်းဆည်းခြင်း၊မြေကျင်းတူးစွန့်ပစ်ခြင်းနှင့် ဆယ်တင်ခြင်းစနစ်များကဲ့သို့သော စွန့်ပစ်စီမံခန့်ခွဲမှုအခြေခံအဆောက်အအုံများကိုလည်း ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။ ဆယ်တင်အသုံးပြုနိုင်မှုနှုန်းနှင့် မြေကျင်းတူးစွန့်ပစ်ခြင်းအလေ့အထများကို ဆန်းစစ်ခြင်းအားဖြင့် စွန့်ပစ်ပလတ်စတစ်စိမ့်ဝင်ပျံ့နှံ့နိုင်သည့်နေရာများကို သိရှိနိုင်မည်ဖြစ်သည်။ အဆိုပါ ဆန်းစစ်မှုသည် စွန့်ပစ်ပလတ်စတစ်၏သက်ရောက်မှုနှင့် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သော နေရာများကို ခွဲခြားဆန်းစစ်နိုင်မည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း အင်ဒိုနီးရှားနိုင်ငံသည် စွန့်ပစ်ပလတ်စတစ် တန်ချိန် ၁၀ သန်းခန့် ထုတ်လုပ်လာလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုပြဿနာသည် ပိုမိုဆိုးရွားလာလျက်ရှိပြီး ပြည်သူ ၄၀ ရာခိုင်နှုန်းခန့်သာလျှင် အမှိုက်သိမ်းဝန်ဆောင်မှုရရှိသောကြောင့် စွန့်ပစ်အမှိုက်များစွာကို ထိန်းချုပ်စီမံကိုင်တွယ်နိုင်ခြင်းမရှိပေ။

အမှိုက်စွန့်ပစ်ရန်ဝန်ဆောင်မှု လုပ်ငန်းမရှိသော လူမှုအသိုက်အဝန်းများသည် အမှိုက်များကို မြစ်၊ ချောင်းများအတွင်းသို့ မကြာခဏစွန့်ပစ်လေ့ရှိကြသည်။ မြို့ပြဒေသများသည် ကောင်းမွန်သောအမှိုက်စွန့်ပစ်မှုစနစ်ရှိသော်လည်း ကျေးလက်ဒေသများသည် လက်ရှိအချိန်ထိ အမှိုက်များကိုစုပုံခြင်း၊ မီးရှို့ခြင်း၊ မြစ်၊ ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းတို့ လုပ်ဆောင်နေရဆဲပင်ဖြစ်သည်။

ဂျာဗားနှင့်ဆူမတြားကျွန်းတို့သည် လူဦးရေထူထပ်ပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအားနည်းသောကြောင့် မြစ်၊ ချောင်းများအတွင်းသို့ ပလတ်စတစ်စွန့်ပစ်မှု အဓိကအများဆုံးဒေသများအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ ကျေးလက်ဒေသများသည် အမှိုက်သိမ်းစနစ်မလုံလောက်သဖြင့် စိန်ခေါ်မှုများဖြင့်ရင်ဆိုင်ရလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းဒေသသည် လူဦးရေနည်းပါးသော်လည်း ပုံမှန်အမှိုက်စီမံခန့်ခွဲမှုစနစ်များမရှိသောကြောင့် အမှိုက်စွန့်ပစ်ရာတွင် စိန်ခေါ်မှုဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ စွန့်ပစ်အမှိုက် ၄၂ ရာခိုင်နှုန်းခန့်ကို မီးရှို့ပြီး ၁၃ ရာခိုင်နှုန်းကျော်ကို သဘာဝပတ်ဝန်းကျင်နှင့် မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်လေ့ရှိကြောင်း လေ့လာတွေ့ရှိထားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိအမှိုက် စွန့်ပစ်မှုအလေ့အထများကို ဆန်းစစ်လေ့လာခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားရည်မှန်းချက်သည် ၂၀၂၅ ခုနှစ်တွင် ပင်လယ်သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်စွန့်ပစ်မှု ၇၀ ရာခိုင်နှုန်းခန့်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း မျှော်မှန်းရပေသည်။

စွန့်ပစ်ပလတ်စတစ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် ရေလမ်းကြောင်းများနှင့် သမုဒ္ဒရာအတွင်းသို့ စီးဝင်လေ့ရှိသည်။ မိုးရေများသည် လမ်းများနှင့်အမှိုက်ပုံများမှ စွန့်ပစ်ပလတ်စတစ်များကို မြစ်ချောင်းများအတွင်းသို့ သယ်ဆောင်သွားသကဲ့သို့ ရေကြီးရေလျှံမှုဖြစ်စဉ်များကလည်း အမှိုက်များစွာကို သယ်ဆောင်စုပုံနိုင်သဖြင့် ပြဿနာပိုမိုကြီးထွားလာလျက်ရှိသည်။

လေတိုက်ခြင်းသည်လည်း အိတ်ခွံများ၊ ထုပ်ပိုးစက္ကူများကဲ့သို့သော ပေါ့ပါးသည့် ပလတ်စတစ်အမှိုက်များကို စုပုံထားသည့်နေရာများမှမြစ်ချောင်းများအတွင်းသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ သင့်တင့်လျောက်ပတ်သော စွန့်ပစ်အမှိုက်သိမ်းစနစ်မရှိခြင်းက မြစ်၊ချောင်းများသည် အမှိုက်စုပုံရာနေရာဖြစ်လာသည့်အတွက် ရေနေဂေဟစနစ်များကို ပိုမိုညစ်ညမ်းလာစေလျက်ရှိသည်။ မြစ်၊ချောင်းများအတွင်းသို့ အမှိုက်များစုပုံခြင်းသည် ပင်လယ်သမုဒ္ဒရာဂေဟစနစ်ကို ပျက်စီးစေမည်ဖြစ်သည်။ ထို့ကြောင့် မြစ်ရေစီးဆင်းမှုနှင့် သဲနုန်းတင်မှုအပါအဝင် မြစ်ကြောင်းအတွင်း လှုပ်ရှားမှုများအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကုန်းမြေပေါ်မှ မြစ်၊ချောင်းများအတွင်းသို့ စွန့်ပစ်ပလတ်စတစ်များ မျောပါရောက်ရှိလာမှုအပေါ် ဆန်းစစ်မှုကိုအခြေခံလျက် နှစ်စဉ် စွန့်ပစ်ပလတ်စတစ် တန်ချိန်၃၁၀၀၀၀ ခန့်သည် မြစ်ချောင်းများအတွင်းသို့ မျောပါစီးဝင်နေကြောင်းတွေ့ရှိရသည်။ ၎င်းပမာဏသည် အင်ဒိုနီးရှားနိုင်ငံတွင်စုပုံထားသည့် ပလတ်စတစ်အမှိုက်စုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းခန့်ရှိနေသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စွန့်ပစ်ပလတ်စတစ်စီးဆင်းမှုပုံစံသတ်မှတ်ရေးသည် သိသာထင်ရှားသော စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အကြောင်းမူကား ကိန်းဂဏန်းအချက်အလက်များရှေ့နောက်ညီညွတ်မှုမရှိခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မှတ်တမ်းများ စိတ်မချရခြင်းကြောင့်ပင် ဖြစ်သည်။ သတင်းအစီရင်ခံမှုစံနှုန်းများ၊ ဒေသတွင်း အလေ့အထများအမျိုးမျိုးဖြစ်နေခြင်းနှင့် မပြည့်စုံသည့် ခေတ်မမီတော့သော သတင်းအချက်အလက်များအပေါ် မှီခိုအားထားနေခြင်းကြောင့် ရှေ့နောက် မညီညွတ်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကြိုတင်ခန့်မှန်းချက်များ၊ လက်တွေ့အစီအမံများနှင့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကြား နှိုင်းယှဉ်မှုများအပါအဝင် ခိုင်လုံသောအချက်အလက်များ လိုအပ်လျက်ရှိသည်။ အကြိမ်ကြိမ်ပြင်ဆင်လုပ်ဆောင်ခြင်းသည်သာလျှင် တိကျမှုနှင့် မှီခိုအားထားရနိုင်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများကြား မြစ်၊ ချောင်းများအတွင်းသို့ ပလတ်စတစ်များစွန့်ပစ်ခြင်း၏ ဆိုးကျိုးများကို ပိုမိုနားလည်သဘောပေါက်လာမည်ဖြစ်ပေသည်။

**ကိုးကား**

–From Paradise to Plastics Pollution: Bali’s Battle AgainstMarine Plastics Debris by The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၃၆၀ စိုက်ပျိုးပြီးစီး



**ဘုတလင် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၃၁၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကြက်သွန်နီ ဧက ၃၁၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ အဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧက အထွက်နှုန်းပိဿာချိန် ၅၀၀၀ ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် ရွာတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် ရွာတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွာတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရွာတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးထားကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

သူသူ

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးမည်

**ငပုတော ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧကကို ဒီဇင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ငရုတ်ကောင်းမြို့မှာ ပဲမျိုးစုံ ၁၀၇၃ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေဆောင်ရွက်ပေးနေပါတယ်။ ပဲအပါအဝင် ဆောင်းသီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံ ၁၀၇၃ ဧကမှာ ဗိုလ်ကိတ်ပဲကို အဓိကစိုက်ပျိုးမှာဖြစ်ပါတယ်။ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ပံ့ပိုးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။




ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးရာတွင် ပဲတီစိမ်း ၁၅၃ ဧက၊ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက၊ မတ်ပဲ ၂၀၄ ဧကဖြစ်ကြောင်း၊ အဆိုပါပဲများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝေါမြို့နယ် အဖျားဘိုတဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖျားဘိုတဲကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက အဖျားဘိုတဲကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက အဖျားဘိုတဲကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

ချိုလေး

# မြိတ်မြို့နယ် တပ်တောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြိတ် ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တပ်တောင်ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ တပ်တောင်ကျေးရွာ၌ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

မြိတ်မြို့နယ်တပ်တောင်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အလျားခြောက်ပေ၊ အနံ ငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၃၇ သန်းဖြင့် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညို

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# သားစရိတ် မယားစရိတ်အကြောင်း သိကောင်းစရာ

စိန်လှိုင်ဖိုလ်



မြန်မာနိုင်ငံတရားစီရင်ထုံးများ၏ ညွှန်ကြားချက်များသည် ဥပဒေပညာလေ့လာလိုက်စားသူများအတွက် လွန်စွာမှပင် အဖိုးထိုက်တန်လှသည့်အပြင် အများပြည်သူအတွက်လည်း ဥပဒေဗဟုသုတရရှိစေသည့် စီရင်ထုံးတစ်ခုကိုဖတ်မိသည်။ **မောင်တင်ငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတရားရုံးချုပ်၏ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ်-၅ ကို ရည်ညွှန်းသည်။**

"အကြင်အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့ပါမူ ဇနီးဖြစ်သူကို ကျွေးမွေးစောင့်ရှောက်ရန် တာဝန်ရှိ၏။ ထိုသို့ ကျွေးမွေးစောင့်ရှောက်ရန်တာဝန်မှာ မြန်မာဗုဒ္ဓဘာသာတို့၏ ကျမ်းဂန်များအရလည်း လင်ကျင့်ဝတ်ငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သည်။ သို့ဖြစ်ရာ ကွာရှင်းပြီးဖြစ်သည့်ဇနီးမှလွဲ၍ မယားစရိတ်ကို ပံ့ပိုးရန် ဦးမလေးသင့်ချေ။ ကိုယ်ပိုင်ပစ္စည်းဥစ္စာ သို့မဟုတ် ဝင်ငွေရှိသည့် အမျိုးသမီးများမှအပ ကျန်အိမ်ထောင်ရှင်အမျိုးသမီးများမှာ လင်ယောကျ်ားကို မှီခိုအားထားနေကြရာ လင်ယောကျ်ားက စရိတ်မပေးသဖြင့် စားစရိတ်စွဲဆိုသောအခါ စားစရိတ်မပေးလို၍ နည်းအမျိုးမျိုးဖြင့်ခုခံပြီး ရုံးအဆင့်ဆင့်သို့တက်ရောက်နိုင်ခွင့်ရှိနေလျှင် မယားမှာ စားရမဲ့ဘဝနှင့် အတိဒုက္ခရောက်ရန်သာရှိပေတော့သည်။ ထိုကိစ္စမျိုးသည် မှန်ကန်သောလူမှုရေးနှင့်လည်း ဆန့်ကျင်နေသည့်အလျှောက် အားမပေးသင့်"ဟူသော တရားရုံးတော်၏ဆင်ခြင်သုံးသပ်ချက်အပေါ် အခြေခံ၍ စာတစ်ပုဒ်ရေးသားတင်ပြပါဦးမည်။

အမှုတစ်ခုတွင်ဖြစ်သည်။ ဦးကြည်နှင့် မခင်ရီတို့သည် မြန်မာဗုဒ္ဓဘာသာအကြင်လင်မယားဖြစ်ကြသည်။ ဦးကြည်သည် ရွှေတော်မြို့ ဘုရားကြီးလမ်းနေ ရက်ကန်းရုံပိုင်ရှင် ဦးကျန်-ဒေါ်ခင်အေးတို့၏တူဖြစ်ပြီး ဦးကျန်-ဒေါ်ခင်အေးတို့၏အိမ်၌ နေထိုင်သည်။ ဦးကျန်-ဒေါ်ခင်အေးတို့၏လုပ်ငန်း၌ ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။ မခင်ရီမှာ မူလက ဦးကျန်-ဒေါ်ခင်အေးတို့၏ အလုပ်သမားတစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးကို ဦးကျန်-ဒေါ်ခင်အေးတို့ကပင် ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ ထိမ်းမြားလက်ထပ်ပြီးနောက် ၎င်းတို့သည် ဦးကျန်-ဒေါ်ခင်အေးတို့အိမ်၌ပင် နေထိုင်ခဲ့ကြသည်။ မခင်ရီသည် ကိုယ်ဝန်ရှစ်လရသောအခါ ခင်ပွန်း ဦးကြည်၏သဘောတူညီချက်အရ ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်စောရင်အိမ်သို့ မီးဖွားရန်ကိစ္စနှင့်ပတ်သက်၍ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒေါ်စောရင်အိမ်မှာ ဦးကျန်-ဒေါ်ခင်အေးတို့အိမ်နှင့် နှစ်အိမ်ခြားပြီး အိမ်နောက်ခြံချင်းဆက်လျက်ရှိသည်။

မခင်ရီသည် အမြွှာပူးကလေးနှစ်ယောက်ကို ဖွားမြင်သည်။ တစ်ခုသော ဝါဆိုလပြည့်နေ့တွင် ဒေါ်ခင်အေးသည် မခင်ရီနေထိုင်သည့် ဒေါ်စောရင်အိမ်ခြံစည်းရိုးအနီးမှ ၎င်း၏အလုပ်သမားများနှင့် ကြော်လှော်သည်။ ထိုစဉ်က အမြွှာပူးကလေးများမှာ နေမကောင်းသဖြင့် မခင်ရီက အညှော်လုပ်ရန် ပြောပြီးမှလုပ်သင့်ကြောင်း ပြောရာမှအစ မခင်ရီနှင့် ဒေါ်ခင်အေးတို့ ခွန်းကြီးခွန်းငယ် စကားများရန်ဖြစ်ကြသည်။ ထိုသို့ မခင်ရီနှင့် ဒေါ်ခင်အေးတို့ ရန်မဖြစ်မီက ခင်ပွန်း ဦးကြည်သည် မခင်ရီထံသို့ ဝင်ထွက်သွားလာနေပြီး ပံ့ပိုးခဲ့သည်။ သို့ရာတွင် မခင်ရီနှင့် ဒေါ်ခင်အေးတို့ရန်ဖြစ်ကြပြီးနောက် ဦးကြည်သည် မခင်ရီထံသို့ မလာတော့သည်သာမက ပံ့ပိုးခြင်းလည်း မပြုတော့ချေ။

မခင်ရီက မယားနှင့် သားစရိတ်များရလိုကြောင်း ပြည်မြို့ မဇ္ဈိမရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင် တရားစွဲဆိုရာ မယားစရိတ်တစ်လ ငွေကျပ် ၄၀ နှင့် ကလေးနှစ်ယောက်အတွက် တစ်လ ငွေကျပ် ၂၀ ပေါင်းငွေကျပ် ၆၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ဦးကြည်က မကျေနပ်သဖြင့် ပြည်မြို့ စက်ရှင်တရားရုံးသို့ အယူခံဝင်ရာ **"တရားရုံးက ဦးကြည်သည် မခင်ရီကို ပြန်လည်ပေါင်းသင်းရန် ခေါ်သော်လည်း ငြင်းဆန်နေခြင်းနှင့်ပတ်သက်၍ လုံလောက်သောအကြောင်းရှိ၊ မရှိ ဆိုခြင်းကို စုံစမ်းပြီးမှ မယားစရိတ်ကို ချမှတ်သင့်ကြောင်း အဆုံးအဖြတ်ပြုကာ အောက်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။"**

ထို့ကြောင့် မခင်ရီ စွဲဆိုသည့်အမှုကို ပြည်မြို့ တွဲဖက်ခရိုင် ရာဇဝတ်တရားသူကြီးကိုယ်တိုင် စစ်ဆေးပြီးနောက် ကလေးစရိတ်ကို ခွင့်ပြုသော်လည်း မခင်ရီအတွက် မယားစရိတ်ကို ခွင့်မပြုခဲ့ပေ။ ထိုအမိန့်ကို မကျေနပ်သဖြင့် မခင်ရီက စက်ရှင်တရားရုံးသို့ အယူခံဝင်သော်လည်း ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဆိုသော အကြောင်းပြချက်ဖြင့် ပယ်ချခြင်းခံရသည်။ ထို့ကြောင့် မခင်ရီသည် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းလာရာ ရုံးတော်က **"မခင်ရီသည် ဒေါ်ခင်အေး အညှော်လုပ်သောကိစ္စနှင့်ပတ်သက်၍ ရန်ဖြစ်ဖူးသဖြင့် ဦးကြည်က မခင်ရီအား ဦးကျန်-ဒေါ်ခင်အေးတို့အိမ်သို့ လိုက်နေရန်ခေါ်ခြင်းကို ငြင်းဆန်နိုင်ကြောင်း အဆုံးအဖြတ်ပေးကာ ကလေးစရိတ်အပြင် မယားစရိတ်ကိုလည်း ပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည်။"** ထိုအမိန့်ကို ဦးကြည်က မကျေနပ်သဖြင့် အခွင့်ထူးအယူခံလျှောက်ထားခဲ့ပြန်သည်။

**အယူခံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

သျှောင်နောက်ဆံထုံးပါဆိုသကဲ့သို့ မယားသည် လင်၏နောက်သို့လိုက်ပြီး အေးအတူပူအမျှ လုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိ၏။ ထိုတာဝန်အတိုင်း မဆောင်ရွက်ပါက မယားဝတ္တရားကျေပွန်လိမ့်မည်မဟုတ်ပေ။ မယားဝတ္တရားမကျေပွန်လျှင် လင်ဖြစ်သူက ကျွေးမွေးပြုစုရန် တာဝန်ရှိသည်ဟုဆိုရန် ခဲယဉ်းပေမည်။ ထို့ကြောင့်ပင် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၈၈(၄)၌ လုံလောက်သော အကြောင်းမရှိဘဲ လင်နှင့်အတူနေထိုင်ခြင်းမရှိသည့်မယားသည် စရိတ်ကိုမရနိုင်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

လုံလောက်သောအကြောင်းဆိုရာ၌ အမှုတစ်ခုနှင့်တစ်ခုသည် အကြောင်းခြင်းရာများ တူညီမည်မဟုတ်၍ မည်သည့်အကြောင်းခြင်းရာသည် လုံလောက်သောအကြောင်းခြင်းရာဖြစ်သည်။ မည်သည့်အကြောင်းခြင်းရာမှာ လုံလောက်သောအကြောင်းခြင်းရာမဟုတ်ဟု ပုံသေကားချပ်မှတ်ယူ၍ မဖြစ်နိုင်ပေ။ ပေါ်ပေါက်နေသည့်အကြောင်းခြင်းရာများအပေါ် မူတည်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

❖သျှောင်နောက်ဆံထုံးပါဆိုသကဲ့သို့ မယားသည် လင်၏နောက်သို့ လိုက်ပြီး အေးအတူပူအမျှ လုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိ၏။ ထိုတာဝန်အတိုင်း မဆောင်ရွက်ပါက မယားဝတ္တရားကျေပွန်လိမ့်မည်မဟုတ်ပေ။ မယားဝတ္တရားမကျေပွန်လျှင် လင်ဖြစ်သူက ကျွေးမွေးပြုစုရန် တာဝန်ရှိသည်ဟုဆိုရန် ခဲယဉ်းပေမည်။ ထို့ကြောင့်ပင် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၈၈(၄)၌ လုံလောက်သော အကြောင်းမရှိဘဲ လင်နှင့်အတူနေထိုင်ခြင်းမရှိသည့်မယားသည် စရိတ်ကိုမရနိုင်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။ ❖

ယခုအမှုတွင် ဦးကြည်က မခင်ရီကို ဦးကျန်-ဒေါ်ခင်အေးတို့အိမ်သို့ပြန်၍ ပေါင်းသင်းနေထိုင်ရန် ခေါ်သော်လည်း မခင်ရီမှာ ဒေါ်ခင်အေးနှင့် ခွန်းကြီးခွန်းငယ် စကားများရန်ဖြစ်ထားသဖြင့် ဦးကျန်-ဒေါ်ခင်အေးတို့အိမ်သို့ ပြန်လိုက်ရန် ငြင်းဆိုခြင်းမှာ လုံလောက်သော အကြောင်းမရှိဟု မဆိုနိုင်ပေ။ ဦးကြည်က မခင်ရီကို အိုးအိမ်အသစ်ထူထောင်သော အိမ်တစ်ဆောင်မီးတစ်ပြောင်ဖြင့် ထားမည်ဟု ပြောဆိုခေါ်ယူခြင်းမဟုတ်ချေ။

ဦးကြည်သည် ဦးကျန်-ဒေါ်ခင်အေးတို့၏ အိမ်ထောင်၌ ဦးစီးလည်းမဟုတ် ဦးကျန်-ဒေါ်ခင်အေး တို့ကိုမှီခိုအားထားနေရသည်ဖြစ်ရာ မခင်ရီအနေဖြင့် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်နိုင်လောက်အောင် ရန်ဖြစ်ထားသော ဒေါ်ခင်အေးတို့အိမ်၌ မည်သည့်နည်းနှင့်မျှ သွားရောက်နေထိုင်ရန်မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ရာ မခင်ရီသည် ဦးကျန်-ဒေါ်ခင်အေးတို့၏အိမ်သို့လိုက်ပြီး ဦးကြည်နှင့်ပေါင်းသင်းရန် ငြင်းဆိုခြင်းမှာလုံလောက်သောအကြောင်းရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ အထက်ပါအကြောင်းများကြောင့် အောက်တရားရုံးသည် လက်ရှိဥပဒေကို ကျင့်သုံးရာ၌ မှားယွင်းချွတ်ချော်ခဲ့သည်ဟု မယူဆနိုင်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

အကြင်အမျိုးသားတစ်ဦးသည် အမျိုးသမီးကို ဇနီးအဖြစ် ပေါင်းသင်းခဲ့ပါမူ ဇနီးဖြစ်သူကို ကျွေးမွေးစောင့်ရှောက်ရန် တာဝန်ရှိ၏။ ထိုသို့ကျွေးမွေးစောင့်ရှောက်ရန်တာဝန်မှာ မြန်မာဗုဒ္ဓဘာသာတို့၏ကျမ်းဂန်များအရလည်း လင်ကျင့်ဝတ်ငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သည်။ သို့ဖြစ်ရာ ကွာရှင်းပြီးဖြစ်သည့် ဇနီးမှလွဲ၍ မယားစရိတ်ကိုပံ့ပိုးရန် ဦးမလေးသင့်ချေ။ ကိုယ်ပိုင်ပစ္စည်းဥစ္စာ သို့မဟုတ် ဝင်ငွေရှိသည့် အမျိုးသမီးများမှအပ ကျန်အိမ်ထောင်ရှင်အမျိုးသမီးများမှာ လင်ယောကျ်ားကို မှီခိုအားထားနေကြရာ လင်ယောကျ်ားက စရိတ်မပေးသဖြင့် တရားစွဲဆိုသောအခါ စရိတ်မပေးလို၍ နည်းအမျိုးမျိုးဖြင့် ခုခံပြီး ရုံးအဆင့်ဆင့်သို့တက် ရောက်နိုင်ခွင့်ရှိနေလျှင် မယားဖြစ်သူမှာ စားရမဲ့ဘဝနှင့် အတိဒုက္ခရောက်ရန်သာရှိပေတော့သည်။ ထိုကိစ္စမျိုးသည် မှန်ကန်သော လူမှုရေးနှင့်လည်း ဆန့်ကျင့်နေသည့်အလျှောက် အားမပေးသင့်"ဟု ကျွန်ုပ်တို့ယူဆသည်ဟု တရားရုံးချုပ်တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေတို့၏အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ထို့ကြောင့် ဦးကြည်၏ အခွင့်ထူးအယူခံလျှောက်လွှာကို ပလပ်ခဲ့သည်။

ဦးကြည်(လျှောက်ထားသူ)နှင့် မခင်ရီ(လျှောက်ထားခံရသူ) ၁၉၆၆ ခုနှစ် ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ်-၁ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၂(ခ)တွင် ချမှတ်ခဲ့သော တရားရုံးချုပ် တရားသူကြီးအမိန့်ကို မကျေနပ်သဖြင့် ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေပုဒ်မ-၆ အရ တင်သွင်းသော အခွင့်ထူးအယူခံလျှောက်လွှာအပေါ် ချမှတ်ခဲ့သည့်အမိန့်ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ (MyawadyWebportal(www. myawady. net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီတစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင်စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသောတပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍အောင်မြင်ပါက အောက်ပါ အတိုင်းအဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(MyawadyWebportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများ ခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းငွေဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




ABL APP is now AVAILABLE in both MM and ENG versions!


## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ ထုံးဘို(၁၃)ရပ်ကွက်နေ မအိမြတ်ကျော် (ဘ) ဦးမြင့်ကျော် (၉/ပသက(နိုင်)၁၆၄၃၄၂)၏ နိုင်ငံကူးလက်မှတ် အမှတ်၊ MJ-627176 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၆၅၆၂၈၈၈

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၁)ရပ်ကွက်နေ မရီတာကျော် (ဘ) ဦးအုန်းကျော်(၉/ပသက(နိုင်)၁၁၁၅၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၆၅၆၂၈၈၈

## အဖိုးတန် ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၆)ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မဖြိုးသဥ္ဇာအေးနှင့် Grade-3 တွင် ပညာသင်ကြားနေသော မချစ်စုဝင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးဖိုးအေးဖြစ်ပါကြောင်း။

ဦးဖိုးအေး(၅/ဆလက(နိုင်)၀၅၆၅၉၂)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၂၉) ပလိုင်းရပ်နေ ဒေါ်စုလှိုင်ဝင်း (ဘ) ဦးဝင်းမောင် (၉/မနတ(နိုင်) ၁၀၂၈၂၁) နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၅၁၈၈၂၃

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၄)၊ Grade-9(A)မှ မောင်မင်းမင်းဇော်နှင့် Grade-4(B)မှ မအိနဒီမျိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသိမ်းဖြစ်ပါကြောင်း။

ဦးမျိုးသိမ်း(၉/မရတ(နိုင်)၁၂၃၉၄၃)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၄)၊ Grade-5(B)မှ မကျော့ကေရီ၏ဖခင်အမည်မှန်မှာ ဦးသန်းဌေးအောင်ဖြစ်ပါကြောင်း။

ဦးသန်းဌေးအောင်
(၉/အမရ(နိုင်)၁၄၁၄၀၈)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်...**

❖ **“ပညာတတ်” နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း”ကို ဆိုလိုပြီး “အများဆုံး”ရှိသည်ဆိုသည်မှာ “အရေအတွက်”ကို ဆိုလို...**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီ မီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၆၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်** စာမျက်နှာ- ၁၇

**တာချီလိတ်မြို့တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း)၊ကက်တမင်း၊အက်တက်စီနှင့်Happy Water များ ဖမ်းဆီးရမိ** စာမျက်နှာ- ၂၂

## ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။